UNFPA

United Nations Population Fund

Because everyone counts

# ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ သတင်းလွှာ ၂၀၁၁

## ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ဦးတည်ချက်

အမျိုးသမီး၊ အမျိုးသားနှင့် ကလေးသူငယ်တိုင်း ကျန်းမာဖွံ့ဖြိုးသောဘဝကို ညီတူညီမျှ ရရှိခံစားနိုင်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆင်းရဲချို့တဲ့မှုများလျော့နည်းစေရေး၊ မလိုလားအပ်သောကိုယ်ဝန်ဆောင်ရခြင်းမှ ကင်းဝေးစေရေး၊ အန္တရာယ်ကင်းစွာမွေးဖွားနိုင်ရေး၊ လူတိုင်းအိတ်ချ်အိုင်ဗွီကူးစက်မှုမှ ကင်းဝေးရေးနှင့် အမျိုးသမီးတိုင်းဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးတို့အတွက် လိုအပ်သော လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျ အသုံးပြုနိုင်ရန် အဖွဲ့ဝင်နိုင်ငံများကိုကူညီပံ့ပိုးနေပါသည်။

## ဥယျောဇဉ်

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (မြန်မာ) အနေနှင့် ၂၀၁၁ခုနှစ် သည် အောင်မြင်မှုများ၊ အခွင့်အလမ်းများနှင့်စိန်ခေါ်မှုများ စသည့် သမိုင်းမှတ်တိုင်များဖြင့် ရောပြွန်းနေသည့်နှစ်အဖြစ် မြင်တွေ့ရပါသည်။ နိုင်ငံအနေနှင့်လည်းကောင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့အနေနှင့်လည်းကောင်း စဉ်ဆက်မပြတ်ပြောင်းလဲမှုများနှင့် အသွင်ကူးပြောင်းမှုများကြောင့် စိန်ခေါ်မှုများစွာကိုကြုံတွေ့ခဲ့ရပါသည်။ နိုင်ငံအနေနှင့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအတွက် အမျိုးသားရေးဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်းများနှင့် လိုက်လျောညီထွေရှိရန်ကြိုးပမ်းနေချိန်တွင် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အလမ်းများမြှင့်တင်ရန်၊ ကျားမလူမှုကဏ္ဍညီမျှရန်နှင့် လူဦးရေဆိုင်ရာပြောင်းလဲမှုများနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရန်ဟူသော ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ဦးတည်ချက်များပြည့်မီရေး ကြိုးပမ်းမှုအတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ ထို့အတူ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့အနေဖြင့်လည်း ရလဒ်အခြေခံသောစီမံခန့်ခွဲမှုနှင့် တာဝန်ယူမှုဆိုင်ရာမျှော်မှန်းချက်များ ပြည့်မီရန်နှင့် အသစ်ပြုပြင်မွမ်းမံထားသော နည်းဗျူဟာအစီအစဉ်နှင့် လုပ်ငန်းအစီအစဉ်များနှင့် အံဝင်ခွင်ကျဖြစ်အောင်ကြိုးပမ်းရေးသည် စိန်ခေါ်မှုအဖြစ် ရှိပါသည်။

ထိုစိန်ခေါ်မှုများရှိနေလင့်ကစား အောင်မြင်မှုများစွာလည်း ရှိခဲ့ပါသည်။ ဒုတိယစီမံကိန်း၏ သုံးသပ်ဆန်းစစ်မှုအဖြေများက ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၄) ခုမှ မြို့နယ်ပေါင်း (၁၃၂) မြို့နယ်တွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အထောက်အကူပြုဆေးဝါးနှင့်ဝန်ဆောင်မှုများ ပေးအပ်နိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။ ထို့အတူလူငယ်နှင့်ဆယ်ကျော်သက် ၄၀၀,၀၀၀ ခန့်မှာလည်း ဆယ်ကျော်သက်မျိုးဆက်ပွားကျန်းမာရေးနှင့် အိတ်ချ်အိုင်ဗွီကာကွယ်ရေးဆိုင်ရာ ဗဟုသုတအသိပညာများတိုးပွားခဲ့ပါသည်။ အမျိုးသမီးလိင်လုပ်သားများတွင် အိတ်ချ်အိုင်ဗွီကူးစက်မှုနှုန်းကို ၁၈.၄ရာခိုင်နှုန်း (၂၀၀၈)မှ ၁၁.၂ ရာခိုင်နှုန်း (၂၀၀၉) သို့ လျော့ချနိုင်သကဲ့သို့ အမျိုးသားလိင်တူဆက်ဆံမှုများတွင် အိတ်ချ်အိုင်ဗွီကူးစက်မှုနှုန်း ၂၈.၈ ရာခိုင်နှုန်း (၂၀၀၈) မှ ၂၂.၃ ရာခိုင်နှုန်း (၂၀၀၉) သို့ လျော့ချနိုင်ရန် အများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

အသိပေးဆွေးနွေးမှုများနှင့် မူဝါဒဆိုင်ရာဆွေးနွေးပွဲများ၏ရလဒ်အဖြစ် လူဦးရေနှင့်လူမှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြည်သူ့လွှတ်တော်ကော်မတီနှင့် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်တို့ကို ဖွဲ့စည်းနိုင်သည်အထိ အောင်မြင်မှုများရရှိခဲ့ပါသည်။ ထိုကော်မတီများက လူဦးရေဆိုင်ရာမူဝါဒများပေါ်ထွန်းလာရေး၊ စီမံဆောင်ရွက်ရေးနှင့် ကြီးကြပ်ရေးတို့အတွက် အကောင်းဆုံးအထောက်အပံ့ပေးနိုင်မည်ဟု ယုံကြည်ပါသည်။ ထိုလွှတ်တော်အဆင့်ကော်မတီသည် အာဆီယံနိုင်ငံများဆိုင်ရာ လူဦးရေနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ပါလီမန်အမတ်များလွှတ်တော်အဖွဲ့ (AFPPD) ၏အဖွဲ့

→ စာ(၂)သို့

## ပြောင်းလဲမှုကိုတိုက်တွန်းနှိုးဆော်ပေးသော "လူဦးရေသန်းခုနစ်ထောင်ပြည့် အထိမ်းအမှတ်လုပ်ငန်းရပ်များ"

ကမ္ဘာသူကမ္ဘာသားများကောင်းကျိုးအတွက် ကျွန်ုပ်တို့၏ 'လူဦးရေသန်းခုနစ်ထောင်အင်အားဖြင့် စည်းလုံးညီညွတ်ကြပါစို့' ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဘန်ကီမွန်းက ကမ္ဘာ့ကုလသမဂ္ဂနေ့တွင် မိန့်ကြားခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ခန့်မှန်းချက်အရ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာ (၃၁) ရက်နေ့တွင် ကမ္ဘာ့လူဦးရေသန်းခုနစ်ထောင်ပြည့်ခဲ့ပါသည်။ လူဦးရေသန်း ၇၀၀၀ ရှိသောကမ္ဘာမြေအတွက် ရောဂါဘယနှင့် ဆင်းရဲခြင်းကိုတိုက်ဖျက်ရန်၊ ပညာသင်ကြားမှုရရှိရန်၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကြောင်းမှုရရှိရန်၊ ရာသီဥတုပြောင်းလဲမှုကိုလျော့နည်းစေရန် စသည့် စိန်ခေါ်မှုများစွာရှိပါသည်။ သို့သော်လည်း ဤသမိုင်းမှတ်တိုင်ကိုစိန်ခေါ်မှုအဖြစ်သာမက အခွင့်အလမ်းအဖြစ်ရှုမြင်ပြီး လုပ်ဆောင်ရမည့် လုပ်ငန်းများကိုဆောင်ရွက်ရန် ကျွန်ုပ်တို့အား သတိပေးလှုံ့ဆော်နေပါသည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကဦးဆောင်ကာ ကမ္ဘာတစ်ဝန်းရှိလူတစ်ဦးချင်းနှင့်အဖွဲ့အစည်းအသီးသီးအား ဂီတ၊ ရုပ်ရှင်၊ မီဒီယာနှင့် အချင်းချင်းပြောဆိုဆက်သွယ်ခြင်းများမှတဆင့် အပြုသဘောဆောင်သော 'လူဦးရေ သန်းခုနစ်ထောင်ပြည့် အထိမ်းအမှတ်လုပ်ငန်းရပ်များ' ကိုဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

မြန်မာနိုင်ငံကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကလည်း မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာအကြောင်းကိုစပ်ဆိုထားသော တေး



၂၀၁၁ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့၊ နံနက် ၂း၃၀ တွင် နေပြည်တော်၌မွေးဖွားခဲ့သော လူဦးရေ သန်း ၇၀၀၀ ပြည့်ကလေး မောင်ကံထူးမောင်အား မိခင်ရင်ခွင်၌ တွေ့ရစဉ်။

→ စာ(၂)သို့

➔ ဥယျောဇဉ်မှ အဆက်

ဝင်အဖြစ်ရရှိရန် ကြိုးပမ်းမည်ဖြစ်ပြီး အာရှနိုင်ငံ (၂၅) နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်ကြမည်ဖြစ်ပါသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့အနေနှင့်လည်း ထိုကော်မတီများနှင့်လက်တွဲကာ နည်းပညာအကူအညီနှင့်အတူ မူဝါဒဆိုင်ရာအကြံပေးချက်များနှင့် အခြားနိုင်ငံများ၏အတွေ့အကြုံနှင့် ဗဟုသုတများကို ဖလှယ်နိုင်ရေးအတွက် အကူအညီပေးသွားမည်ဖြစ်ပါသည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ **(မြန်မာနိုင်ငံအတွက်) တတိယမြောက် အကူအညီပေးရေးအစီအစဉ်**ကို သုံးသပ်ခြင်း၊ ဆန်းစစ်ခြင်းနှင့် သုတေသနတွေ့ရှိချက်များအပေါ်အခြေခံ၍ရေးဆွဲခဲ့ပါသည်။ ထို**အစီအစဉ်**သည် ကုလသမဂ္ဂမဟာဗျူဟာလုပ်ငန်းသတ်မှတ်ချက် (၂၀၁၂-၂၀၁၅)၏ တစ်စိတ်တစ်ဒေသလည်းဖြစ်ပါသည်။ ထိုမဟာဗျူဟာလုပ်ငန်းသတ်မှတ်ချက်သည် အမျိုးသား၊ အမျိုးသမီး၊ လူငယ်များနှင့် လိုအပ်ချက်ရှိသူလူတန်းစားအားလုံး မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေး၊ လူဦးရေမျိုးဆက်ပွားကျန်းမာရေးနှင့် ကျားမလူမှုဆိုင်ရာကိန်းဂဏန်းအချက်အလက်များ တိကျစွာရရှိရေး၊ ကျားမညီမျှမှုနှင့် အမျိုးသမီးဘဝမြင့်တင်ရေးတို့ကို ဦးတည်ထားပါသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ **တတိယမြောက် အကူအညီပေးရေးအစီအစဉ်**ကလည်း သာတူညီမျှရှိရေးနှင့် ကွာဟချက်နည်းပါးရေးကို အလေးပေးစဉ်းစားထားပါသည်။

ထောင်စုနှစ်ရည်မှန်းချက်များ ကြီးကြပ်ဆန်းစစ်မှုလုပ်ငန်းအဖွဲ့၊ ကျားမလူမှုညီမျှရေးလုပ်ငန်းအဖွဲ့၊ အမျိုးသမီးဘဝကာကွယ်ရေးလုပ်ငန်းအဖွဲ့နှင့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းအဖွဲ့တို့၏ ဦးဆောင်မှုနေရာမှ တာဝန်ယူဆောင်ရွက်ရသည့်အားလျော်စွာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ကူညီလျက်ရှိပါသည်။ ထောင်စုနှစ်ရည်မှန်းချက်များ ကြီးကြပ်ဆန်းစစ်မှုအဖွဲ့အနေနှင့် ကုလသမဂ္ဂလုပ်ငန်းစဉ်ဆန်းစစ်ခြင်းအတွက် ညှိနှိုင်းပါဝင်ဆောင်ရွက်ခဲ့သည့်နည်းတူ ကုလသမဂ္ဂမဟာဗျူဟာစီမံကိန်းဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီခဲ့ပါသည်။ ကျားမလူမှုညီမျှရေးလုပ်ငန်းအဖွဲ့နှင့် အမျိုးသမီးဘဝကာကွယ်ရေးလုပ်ငန်းအဖွဲ့အနေနှင့်လည်း အမျိုးသမီးများဘဝမြင့်တင်ရေး၊ အမျိုးသားအဆင့် မဟာဗျူဟာအစီအစဉ်ပေါ်ထွက်လာရေးအတွက် ပံ့ပိုးကူညီနိုင်ခဲ့ပါသည်။ နိုင်ငံအဆင့်ညှိနှိုင်းပေါင်းစပ်ရေးအစီအစဉ်၏ အဖွဲ့ဝင်တစ်ဦးအနေနှင့်လည်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေ၏လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

AusAID အကူအညီဖြင့်ဆောင်ရွက်မည့် မိခင်၊ မွေးကင်းစနှင့်ကလေးစောင့်ရှောက်ရေးကိစ္စများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့နှင့် ပူးပေါင်းနိုင်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်အဆင့်ဆွေးနွေးပွဲတစ်ရပ်ကို လာအိုနိုင်ငံအစိုးရ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့နှင့်ပူးပေါင်းပြီး နိုဝင်ဘာလ ၇-၈ ရက်နေ့များက ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ရန်ပုံငွေတိုးတက်ရေးဆောင်ရွက်နေသော်လည်း မိခင်ကျန်းမာရေးနှင့် သားဆက်ခြားလုပ်ငန်းဆောင်ရွက်မှုများအတွက် လိုအပ်ချက်များမှာ ရှိနေဆဲဖြစ်ပါသည်။ ထိုလိုအပ်ချက်များဖြည့်ဆည်းနိုင်မှသာလျှင် မလိုအပ်ဘဲကိုယ်ဝန်ဆောင်ရခြင်းနှင့် ကိုယ်ဝန်ဖျက်ချခြင်းအန္တရာယ်များ ကင်းဝေးပြီး မိခင်နှင့် မွေးကင်းစကလေးတို့၏အသက်ကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။ ဆောင်ရွက်ရန်စီစဉ်ထားသည့် သန်းခေါင်စာရင်းလုပ်ငန်းများမှ တိကျမှန်ကန်သော ကိန်းဂဏန်းများရရှိရေးအတွက် ထိရောက်သောရင်းနှီးမြှုပ်နှံမှုများလည်း လိုအပ်နေပါသေးသည်။ ထိုလုပ်ငန်းပြင်ဆင်ရန်အတွက် နိုင်ငံအစိုးရနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ပူးပေါင်းပံ့ပိုးမှုမှာ လိုအပ်လျက်ရှိပါသည်။

၂၀၁၁ ခုနှစ်၏အောင်မြင်မှုရလဒ်များက အနာဂါတ်အတွက် ခွန်အားသစ်များနှင့်တက်ကြွလန်းဆန်းမှုများကို ဖော်ဆောင်ပေးလျက်ရှိပါသည်။ လုပ်ဖော်ကိုင်ဘက်များဖြစ်သော အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အလှူရှင်များကို ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ဖော်ပြလိုပါသည်။

မစ္စတာမိုဟာမက် အဗ္ဗဒယ်လ်အာဟတ်

➔ လူဦးရေသန်းခုနစ်ထောင်ပြည့်မှ အဆက်

သီချင်းတစ်ပုဒ်ထုတ်လုပ်ခြင်း၊ လူဦးရေသန်း ၇၀၀၀ လုပ်ငန်းရပ်များ ဖော်ပြသော ဗီဒီယိုပြကွက်များကို မြန်မာစာတန်းထိုး၊ အသံသွင်း၍ နိုင်ငံတစ်ဝန်းသို့ ထုတ်လွှင့်ခြင်း၊ လူဦးရေသန်း ၇၀၀၀ ပြည့်ကလေးအား ကြိုဆိုခြင်းအခမ်းအနားကိုကျင်းပခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) မေတ္တာစမ်းရေသားဖွားခန်း၌ နံနက်၂ နာရီခွဲတွင်မွေးဖွားသော ကိုယ်အလေးချိန် ၆.၂၈ပေါင်ရှိ 'ကံထူးမောင်' အား လူဦးရေသန်း ၇၀၀၀ ပြည့် ကလေးအဖြစ်သတ်မှတ်ကာ ဆုချီးမြှင့်သောအခမ်းအနားကို နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာလ (၃၁)ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ကျင်းပခဲ့ကြသည်။ ၎င်းကလေးငယ်နှင့်မိဘများအား ကြိုဆိုဂုဏ်ပြုသည့်သီချင်းကို မူလတန်းကျောင်းသူလေးများနှင့် ပရိသတ်ကသီဆိုပြီး လက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဤအခမ်းအနားသည် ကျန်းမာကြံ့ခိုင်သောနိုင်ငံ တည်ဆောက်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျှော့ချရေး၊ သာတူညီမျှမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုသို့ ဦးတည်ရေးအတွက် ဆက်လက်အလေးထားဆောင်ရွက်ရန် သတိပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဝင်းမြင့် က အခမ်းအနားတွင် ပြောကြားခဲ့ပါသည်။

မိခင်နှင့်မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရာ၌ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ အခန်းကဏ္ဍကို အလေးအနက်ဖော်ပြရန်ရည်ရွယ်၍ ထိုကလေးငယ်အားမွေးဖွားပေးသော ကျန်းမာရေးဝန်ထမ်းများအားလည်းကောင်း၊ ၂၀၁၁ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ မဟာမိတ်အဖွဲ့ဆု (Global Health Workforce Alliance Award for 2011) ကို ချီးမြှင့်ခံခဲ့ရသော ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့နယ်မှ သားဖွားဆရာမဒေါ်နန်းသန်းသန်းဦးအားလည်းကောင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က လက်ဆောင်ပစ္စည်းများဖြင့် ချီးမြှင့်ခဲ့ပါသည်။

အန္တရာယ်ကင်းသောမိခင်ဘဝရရှိရေးနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိရေးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ရည်မှန်းချက်ဖြစ်ပါသည်။ အစိုးရများ၊ အလှူရှင်နိုင်ငံများက အရင်းအမြစ်များ




ကို လုံလောက်စွာထည့်ဝင်ပံ့ပိုးရန်လိုအပ်ပြီး ၎င်းတို့ကို ထိရောက်စွာအသုံးချနိုင်မှသာလျှင် မိခင်ကျန်းမာရေးကိုတိုးတက်ကောင်းမွန်စေကာ အမျိုးသမီးများနှင့် ကလေးငယ်များ၏အသက်ကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။

ဤအခွင့်အလမ်းများကို ပြန်လည်ဆန်းသစ်ကာ ကျွန်ုပ်တို့အားလုံး အချင်းချင်းပူးပေါင်း၍သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ကြခြင်းဖြင့် လူဦးရေသန်း ၇၀၀၀ ပြည့် ကမ္ဘာမြေကို ပိုမိုတိုးတက်ကောင်းမွန်စေမည် ဖြစ်ပါသည်။



## ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့အမှုဆောင်ညွှန်ကြားရေးမှူး ဘာဘတွန်ဒေးအိုဆိုတီမေဟင်

(ကုလသမဂ္ဂဒုတိယအထွေထွေအတွင်းရေးမှူးချုပ်)

'ကိုယ်ဝန်နှင့်ဆက်နွှယ်သည့်နောက်ဆက်တွဲပြဿနာကြောင့် နှစ်စဉ် အမျိုးသမီးပေါင်း (၃၅၈၀၀၀) ဦးသေဆုံးနေကြရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အမျိုးသမီးများ၏မျိုးဆက်ပွားဆိုင်ရာအခွင့်အရေးကို မြှင့်တင်ပေးရန်အတွက် မိသားစုစီမံကိန်းကိုပြည့်မီစွာဆောင်ရွက်ရန် အထူးလိုအပ်သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် မိခင်သေဆုံးမှု ၃ ဦးမှ ၁ ဦး ကိုလည်းကောင်း၊ ကလေးသေဆုံးမှု ၁၁ ဦးမှ ၁ ဦးကိုလည်းကောင်း၊ လျှော့ချပေးနိုင်ပါမည်' ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဘာဘာတွန်ဒေးအိုဆိုတီမေဟင်က ပြောကြားခဲ့ပါသည်။

### ကိုယ်ရေးအကျဉ်းချုပ်

ဒေါက်တာဘာဘာတွန်ဒေးအိုဆိုတီမေဟင်သည် ၂၀၁၁ခုနှစ် ဇန်နဝါရီ (၁) ရက်နေ့တွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ စတုတ္ထမြောက်အမှုဆောင်ညွှန်ကြားရေးမှူး ဖြစ်လာခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကိုလည်း ထမ်းဆောင်နေပါသည်။

ယခင်က ဒေါက်တာအိုဆိုတီမေဟင်သည် နိုင်ဂျီးရီးယားနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့ပြင် သူသည် လူဦးရေ သန်း(၁၆၀)အတွက် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကာကွယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးသည့် နိုင်ဂျီးရီးယားအမျိုးသားအေအိုင်ဒီအက်စ်ကာကွယ်ရေးအေဂျင်စီတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းတာဝန်ထမ်းဆောင်ခဲ့ပါသည်။

သူသည် ၁၉၇၂ ခုနှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံအီဗာဒန်တက္ကသိုလ်မှ ဆရာဝန်ဘွဲ့ကိုရရှိခဲ့ပြီးနောက် ၁၉၇၉ တွင် ဗြိတိန်နိုင်ငံဗာမင်ဟန်တက္ကသိုလ်မှ ဆေးဘက်ဆိုင်ရာပါရဂူဘွဲ့ကို ရရှိခဲ့ပါသည်။ သူသည် ဗြိတိန်နိုင်ငံတော်ဝင်ဆရာဝန်များတက္ကသိုလ်တွင် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၁၉၉၆ မှ ၁၉၉၇ ထိ ဟားဗတ်စင်တာ၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေး သုတေသနလုပ်ငန်းတွင် အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် သူသည် Nigerian Academy of Science တွင် သင်းဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်ခဲ့သည်။

၁၉၈၀ခုနှစ်တွင် အီဗာဒန်တက္ကသိုလ်၏ပါမောက္ခအဖြစ် ခန့်အပ်ခံခဲ့ရပြီးနောက်၊ လက်တွေ့အသုံးချရောဂါဗေဒဌာန၏ အကြီးအကဲအဖြစ်ဦးဆောင်ခဲ့ပြီး ၁၉၉၀ခုနှစ်တွင် ဆေးတက္ကသိုလ်၏အကြီးအကဲအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရကာ ၎င်းရာထူးတွင် ၁၉၉၄ ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့သည်။

ဒေါက်တာအိုဆိုတီမေဟင်သည် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များမှ လူငယ်များ၏အခန်းကဏ္ဍနှင့် ကျားမတန်းတူညီမျှရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားမှုရှိသူဖြစ်ပါသည်။

သူ၏လုပ်ဆောင်ချက်များ၊ အထူးသဖြင့်နိုင်ဂျီးရီးယားနိုင်ငံအိတ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ကာကွယ်ရေးလုပ်ငန်းတွင် ဦးဆောင်ပါဝင်ခဲ့ခြင်းများကို အသိအမှတ်ပြုရန်အတွက်၂၀၀၅ ခုဒီဇင်ဘာလတွင် Officer of the Order of the Niger (OON) ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကိုအပ်နှင်းချီးမြှင့်ခြင်းခံရပါသည်။

## ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး မြန်မာနိုင်ငံ၏စီမံချက်လုပ်ငန်းများလာရောက်လေ့လာ

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ္စစ်နိဘူကိုဟိုးရိဘေသည် ၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်းက မြန်မာနိုင်ငံသို့လာရောက်ခဲ့ပါသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ မြန်မာနိုင်ငံရုံးမှ ဝန်ထမ်းအချို့လိုက်ပါလျှက် ဇူလိုင်လ ၃ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာနှင့် မရမ်းကုန်းမြို့နယ်များသို့သွားရောက်၍ ကျန်းမာရေးဆိုင်ရာစီမံချက်လုပ်ငန်းများကို လေ့လာခဲ့ပါသည်။

ညောင်တုန်းမြို့နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူလူထုအထောက်အကူပြုအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာကိစ္စများနှင့် လုပ်ငန်းဆောင်ရွက်မှုများအကြောင်းဆွေးနွေးမေးမြန်းရာ သားဆက်ခြားဆိုင်ရာဆေးဝါးများ အလုံအလောက်ရရှိနေကြောင်း တွေ့ရှိရပါသည်။

ထို့နောက် ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာရှိ လူငယ်ရိပ်မြုံသို့ရောက်ရှိပြီး အခြေခံကျန်းမာရေးဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံရာတွင် လုပ်အားပေးလူငယ်များနှင့် ပြည်သူလူထုအထောက်အကူပြုအဖွဲ့ဝင်များ၏ လူထုတွင်းလှုပ်ရှားဆောင်ရွက်မှုများနှင့်အတူ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှုအချိန်မီရရှိရေးကိစ္စရပ်များကို အလေးပေးဆွေးနွေးခဲ့ပါသည်။

ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ 'အမျိုးသမီးများဆုံဆည်းရာ' သို့ နေ့လည်ပိုင်းတွင်ဆက်လက်သွားရောက်ခဲ့ပြီး အတိုးမဲ့ချေးငွေခံစားခွင့်ရရှိသူ အမျိုးသမီး ၄၅ ဦးနှင့်တွေ့ဆုံကာ ရရှိသောအကျိုးကျေးဇူးများနှင့် ၎င်းတို့၏လုပ်ငန်းတိုးတက်မှုများကို လေ့လာခဲ့ပါသည်။ ထို့အတူ လုပ်အားပေးလူငယ်များ၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာလုပ်ငန်းရပ်များကို ကြည့်ရှုခဲ့ပါသည်။

ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ်၌ ဦးတည်အုပ်စုများအတွက် ဖွင့်လှစ်ထားသော အိတ်ချ်အိုင်ဗွီကာကွယ်ရေးရိပ်သာသို့ ဆက်လက်သွားရောက်ခဲ့ပြီး အမျိုးသမီးငယ်များ၊ အမျိုးသားများအနေနှင့် အသိပညာပေးဗဟုသုတများရယူခြင်း၊ ကုသမှုခံယူခြင်း၊ လူမှုလုပ်ငန်းများလုပ်ကိုင်ခြင်းတို့ကို အသေးစိတ်ဆွေးနွေးလေ့လာခဲ့ပါသည်။

နောက်တစ်နေ့တွင် နေပြည်တော်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးခင်ရီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာထားရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်တို့ကိုသွားရောက်တွေ့ဆုံကာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏လုပ်ငန်းများအကြောင်း ဆွေးနွေးခဲ့ပါသည်။






# ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားကျင်းပခြင်း

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ပူးပေါင်းကာ '၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့' အထိမ်းအမှတ်အခမ်းအနားကို 'လူဦးရေ သန်းခုနစ်ထောင်ရဲ့ဝန်တာ၊ ထမ်းဆောင်နေတဲ့ ဒို့ရဲ့ကမ္ဘာ' ဆောင်ပုဒ်ဖြင့် ဇူလိုင်လ (၁၁) ရက်နေ့က နေပြည်တော်တွင်ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအရာရှိများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆုရကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ခဲ့ကြပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီကကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးဆိုင်ရာ အမျိုးသားအလုပ်ရုံဆွေးနွေးပွဲတွင် ဆုံးဖြတ်ချက်ချထားသည့်အတိုင်း ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် နိုင်ငံတော်အစိုးရက သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မွေးဖွားမှုနှုန်းကျဆင်းခြင်း၊ ရွှေ့ပြောင်းနေထိုင်မှုမြင့်တက်လာခြင်းနှင့် အသက်ဖွဲ့စည်းပုံပြောင်းလဲလာခြင်းအားလုံးသည် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများဖြစ်ကြောင်း၊ ယနေ့လူငယ်များအတွက် ရင်းနှီးမြှုပ်နှံရန် အလွန်ပင်လိုအပ်ကြောင်း ဆက်လက်၍ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက်အဗ္ဗဒယ်လ်အာဟတ်က လူဦးရေတိုးပွားနေသောကမ္ဘာကြီးတွင်ဖြစ်ပေါ်နေသည့် အောင်မြင်မှုများနှင့်စိန်ခေါ်မှုများကိုလည်းကောင်း၊ ရွေးချယ်မှုနှင့်ဆုံးဖြတ်ချက်ချရန် လိုအပ်ကြောင်းကိုလည်းကောင်း ပြောကြားခဲ့ပြီး ထိုသို့ဆောင်ရွက်ရန်အောက်ပါအခန်းကဏ္ဍ (၇) ခုရှိကြောင်း တင်ပြခဲ့ပါသည်။

(၁) ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှုသံသရာကို ဖြတ်တောက်ခြင်း။
(၂) အမျိုးသမီးများနှင့်မိန်းကလေးများ၏ ဆုံးဖြတ်ဦးဆောင်နိုင်သောစွမ်းအားကိုတိုးမြှင့်ပေးခြင်း။
(၃) လူငယ်များ အနာဂတ်ကိုဖော်ဆောင်ခြင်း။
(၄) မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေခြင်း။
(၅) သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်း။
(၆) သက်ရွယ်ကြီးသူများ၏လိုအပ်ချက်များကို ဆောင်ရွက်ပေးခြင်း။
(၇) မြို့ပြလူဦးရေကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုတင်စီမံဆောင်ရွက်ခြင်း။

မစ္စတာအဗ္ဗဒယ်လ်အာဟတ်က နည်းဗျူဟာ(၂)ခုကိုတင်ပြရာ၊ ပထမတစ်ခုမှာ အသက်(၁၅-၅၉)အရွယ်အတွင်းရှိ အလုပ်လုပ်နိုင်သည့်များပြားလှစွာသောလူဦးရေအတွက် လူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာအောင်ဆောင်ရွက်ပေးနိုင်သောမူဝါဒများကို ချမှတ်ဆောင်ရွက်ခြင်းဖြင့် 'လူဦးရေဆိုင်ရာအခွင့်အလမ်း' ဟူသည့် အကျိုးအမြတ်ကို ရရှိခံစားနိုင်စေရေးတို့ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် စီးပွားရေးတိုးတက်မှုနှုန်းကိုမြင့်မားစေပြီး လူတစ်ဦးကျဝင်ငွေ၊ စုဆောင်းငွေနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကိုလည်း တိုးတက်စေပါသည်။

ဒုတိယနည်းဗျူဟာဖြစ်သော 'သက်ရွယ်ကြီးသူများတက်ကြွစွာပါဝင်ဆောင်ရွက်မှု' ကိုအားပေးသည့်မူဝါဒချမှတ်ရာ၌ သက်ရွယ်ကြီးသူများ၏ လူမှုဘဝလုံခြုံရေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ကျန်းမာရေးတို့ကို တိုးတက်ဖြစ်ထွန်းစေသည့်အပြင် သူတို့အခွင့်အရေးများ၊ လိုအပ်ချက်

**ဆယ်ကျော်သက်နှင့် လူငယ်များအတွက် သိမှတ်စရာအဖြာဖြာ**

ဆယ်ကျော်သက်နှင့်လူငယ်များသိမှတ်စရာမျိုးဆက်ပွားကျန်းမာရေးနှင့်အိတ်ချ်အိုင်ဗွီကာကွယ်ရေးဆိုင်ရာဗဟုသုတအချက်အလက်များကိုမြန်မာနိုင်ငံဆရာဝန်အသင်းလူငယ်ဖွံ့ဖြိုးမှုအစီအစဉ်ဝက်ဘ်ဆိုဒ် (http: //www.ydpmma.org) ရှိ အမေးအဖြေကဏ္ဍတွင်ကြည့်ရှုလေ့လာနိုင်ပါပြီ။




များ၊ နှစ်သက်လိုလားချက်များနှင့် စွမ်းဆောင်ရည်များကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိရန်အတွက် ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှုကိုတိုက်ဖျက်ရာ၌ မိခင်နှင့်ကလေးသေဆုံးမှုနှုန်းလျှော့ချနိုင်ရေး၊ သားဆက်ခြားဝန်ဆောင်မှုနှင့် ဆေးဝါးပစ္စည်းများလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး၊ အိတ်ချ်အိုင်ဗွီရောဂါပြန့်ပွားမှုကို ကာကွယ်တားဆီးရေးစသည်တို့သည် စိန်ခေါ်မှုများဖြစ်နေပါသည်။ ထို့အတွက် နိုင်ငံဘဏ္ဍာအရင်းအမြစ်များနှင့် အပြည်ပြည်ဆိုင်ရာပံ့ပိုးမှုများကို တိုးမြှင့်ချမှတ်ဆောင်ရွက်ပေးသင့်ကြောင်း မစ္စတာအဗ္ဗဒယ်လ်အာဟတ်က ပြောဆိုခဲ့ပါသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှလည်း နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းကာ မြန်မာလူထုအတွက် လိုအပ်ချက်များနှင့် မျှော်မှန်းချက်များ ပြည့်မီစွာရရှိနိုင်ရေးအတွက် သန္နိဋ္ဌာန်ချမှတ်၍ ဆက်လက်ဆောင်ရွက်သွားမည့်အကြောင်းကိုလည်း ပြောကြားသွားပါသည်။



နေပြည်တော်တွင်ကျင်းပသော ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက် အဗ္ဗဒယ်လ်အာဟတ်မှ လူဦးရေ သန်း ၇၀၀၀ရှိ ကမ္ဘာမြေနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားစဉ်။

## ဆယ်ကျော်သက်နှင့် လူငယ်များအတွက် သိမှတ်စရာအဖြာဖြာ

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့်ဂျာမနီနိုင်ငံ၏ပံ့ပိုးမှုဖြင့်မြန်မာနိုင်ငံဆရာဝန်အသင်း၊ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်မှ စီစဉ်ထားရှိသောတယ်လီဖုန်းလိုင်းနှစ်ခု(အမျိုးသားများအတွက် အဖြူရောင်လိုင်း၀၉-၇၃၂၁၂၂၂၆)နှင့်အမျိုးသမီးများအတွက်ပန်းရောင်လိုင်း ၀၉-၇၃၂၁၂၂၂၇)မှတဆင့် ဆယ်ကျော်သက်နှင့်လူငယ်များသိမှတ်စရာမျိုးဆက်ပွားကျန်းမာရေးနှင့်အိတ်ချ်အိုင်ဗွီကာကွယ်ရေးဗဟုသုတများကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# အေအိုင်ဒီအက်စ်ရောဂါပပျောက်ရေးကိုမျှော်မှန်းသော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

အေအိုင်ဒီအက်စ်ရောဂါဆိုးကြီး မကြာမီပပျောက်ရန် မျှော်မှန်းနိုင်ပြီဖြစ်ပါသည်။ "Getting to Zero: Zero New HIV Infections , Zero Discrimination and Zero AIDS-related Deaths" (အိတ်ချ်အိုင်ဗွီပိုးထပ်မံကူးစက်ခြင်း လုံးဝမရှိရေး၊ အိတ်ချ်အိုင်ဗွီရောဂါပိုးရှိသူနှင့် အေအိုင်ဒီအက်စ်ဝေဒနာသည်များအား ခွဲခြားဆက်ဆံမှုလုံးဝမရှိရေး၊ အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးမှုလုံးဝမရှိရေး) တို့မှာ ၂၀၁၁ခုနှစ်၏ဆောင်ပုဒ်များဖြစ်ပြီး ဤရည်မှန်းချက်များရောက်ရှိရန်မှာလည်း လက်တစ်ကမ်းသာလိုပါတော့သည်။

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ခုခံကျ၊ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်အဖွဲ့က နေပြည်တော်တွင် ကျင်းပခဲ့ရာတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှလည်း တစ်တပ်တစ်အားပံ့ပိုးခဲ့ပါသည်။ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးက လာမည့်နှစ်များတွင် အေအိုင်ဒီအက်စ်ကုသမှုနှင့် စောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားရန် သန္နိဋ္ဌာန်ချထားမှုကို ထပ်လောင်းပြောကြားခဲ့ရာ မြန်မာနိုင်ငံသည် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုကော်မတီဖွဲ့စည်း၍ မြန်မာနိုင်ငံခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅ခုနှစ်) ( National Strategic Plan on HIV and AIDS ) နှင့် လုပ်ငန်းအကောင်အထည်ဖော်မှုစီမံကိန်း (Operational Plan) များဖြင့် လုပ်ငန်းစဉ်များချမှတ်ကာ အိတ်ချ်အိုင်ဗွီအေအိုင်ဒီအက်စ်ကာကွယ်ရေးကို ဆောင်ရွက်ခြင်းဖြင့် ထောင်စုနှစ်ရည်မှန်းချက်အမှတ်စဉ် (၆) ကို ပြည့်မီရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ သဝဏ်လွှာကို ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၏ကိုယ်စား၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်ကဖတ်ကြားရာတွင် ရည်မှန်းချက်များအားလုံးပြည့်မီစွာရောက်ရှိရန် နိုင်ငံရေးအသိစိတ်၊ သင့်လျော်သောဘဏ္ဍာငွေလျာထားမှု၊ လူ့အခွင့်အရေးနှင့် ကိုက်ညီသောနည်းလမ်းများဖြင့် အခိုင်အမာလုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားခဲ့ပါသည်။ ကမ္ဘာကြီးသည် အေအိုင်ဒီအက်စ်ရောဂါကို အဆုံးသတ်နိုင်တော့မည့် အနေအထားသို့ရောက်ရှိနေပြီဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးက ဆိုပါသည်။ ကာကွယ်ရေးနှင့်ကုသရေးလုပ်ငန်းများ ဟန်ချက်ညီညီဆောင်ရွက်မှုက အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးလုပ်ငန်းများတိုးတက်မှုအရှိန်အဟုန်ကို ဖြစ်စေပါသည်။ သို့သော် အေအိုင်ဒီအက်စ်ရောဂါအဆုံးသတ်ရန်မှာ ကျွန်ုပ်တို့ယခုထက်ပို၍ ရလဒ်ကောင်းများရရှိရန်လိုပါသည်ဟု ၎င်းက ဆိုပါသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် ထောင်စုနှစ်ရည်မှန်းချက် (၅) ဖြစ်သော မိခင်သေနှုန်းလျှော့ချရေး၊ ထောင်စုနှစ်ရည်မှန်းချက် (၆) ဖြစ်သော အိတ်ချ်အိုင်ဗွီကာကွယ်ရေးစသည့် ရည်မှန်းချက်များပြည့်မီရန် မြန်မာနိုင်ငံ၏ကြိုးပမ်းမှုကို ပံ့ပိုးကူညီလျက်ရှိသည်။ (မြန်မာနိုင်ငံအတွက်) တတိယမြောက်အကူအညီပေးရေး အစီအစဉ် (၂၀၁၁-၂၀၁၅)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် (၇) ခုရှိစီမံချက်မြို့နယ်များတွင် အိတ်ချ်အိုင်ဗွီကာကွယ်ရေးဝန်ဆောင်မှုပေးခြင်းဖြင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က မျိုးဆက်ပွားကျန်းမာရေးအဆင့်အတန်းကိုမြှင့်တင်ရန် ရည်ရွယ်ထားပါသည်။

၄င်းအပြင်အန္တရာယ်ရှိသောအုပ်စုများ (ဥပမာ လိင်တူဆက်ဆံသူများ) ကို အိတ်ချ်အိုင်ဗွီကူးစက်မှုမှကာကွယ်ပေးခြင်း၊ မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗွီကူးစက်မှုကာကွယ်ခြင်းအပါအဝင် ပိုမိုကောင်းမွန်သော မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများရရှိလာရေးမှာ လုပ်ငန်းစီမံကိန်း၏မျှော်မှန်းချက်ရလဒ်ဖြစ်ပါသည်။ ဤရလဒ်ရရှိရန် အိတ်ချ်အိုင်ဗွီဆိုင်ရာ အမူအကျင့်ပြောင်းလဲစေရန်ဆက်သွယ်ပညာပေးခြင်း၊ လိင်မှတဆင့်ကူးစက်တတ်သောရောဂါများအကြောင်းပညာပေးခြင်း၊ အိတ်ချ်အိုင်ဗွီနှစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့် သွေးဖေါက်စမ်းသပ်စစ်ဆေးခြင်း၊ မိခင်မှကလေးသို့အိတ်ချ်အိုင်ဗွီကူးစက်နှုန်း လျှော့ချရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

# တတိယမြောက်အကူအညီပေးရေးအစီအစဉ် နှင့် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရန် စီမံကိန်းရေးဆွဲခြင်း

၂၀၁၁ ခုနှစ်ဒီဇင်ဘာလတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံအတွက် ဒုတိယမြောက်အကူအညီပေးရေးအစီအစဉ် ပြီးဆုံးပြီဖြစ်သည့်အလျောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံရုံး၊ အစိုးရဌာနများနှင့်အခြားသက်ဆိုင်ရာအဖွဲ့ အစည်းများသည် တတိယမြောက်အကူအညီပေးရေးအစီအစဉ် (၂၀၁၂–၂၀၁၅) ကို ကြိုတင်ရေးဆွဲပြင်ဆင်ခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် 'လူဦးရေနှင့်ဖွံ့ဖြိုးမှု၊ မျိုးဆက်ပွားကျန်းမာရေးနှင့် ကျားမကဏ္ဍအခြေအနေ လေ့လာဆန်းစစ်မှု (၂၀၁၀)'၊ 'ဒုတိယမြောက်အစီအစဉ်အပြီးဆန်းစစ်သုံးသပ်မှု (၂၀၁၁)'၊ 'ကုလသမဂ္ဂအဖွဲ့ အစည်းများ၏ ကဏ္ဍအလိုက်လေ့လာဆန်းစစ်မှုနှင့် မဟာဗျူဟာလုပ်ငန်းသတ်မှတ်ချက် (၂၀၁၂–၂၀၁၅)' နှင့် ဒုတိယမြောက်အကူအညီပေးရေးအစီအစဉ်ဆောင်ရွက်ခဲ့စဉ်က ရရှိခဲ့သောသင်ခန်းစာများကို အခြေခံခဲ့ပါသည်။



၂၀၁၁ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် နေပြည်တော်၌ကျင်းပခဲ့သော အကျိုးတူပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက် အဗ္ဗဒယ်လ်အာဟတ်မှ တတိယမြောက် အကူအညီပေးရေးအစီအစဉ် အကြောင်းကို တင်ပြနေစဉ်။



သင်ခန်းစာများတွင် (၁) မိတ်ဖက်ဖွဲ့ခြင်းသည်အရင်းအမြစ်များတိုးတက်ရရှိရေးအတွက် သော့ချက်ဖြစ်ခြင်း (၂) အထောက်အထားများကိုအခြေခံပြီး ဦးတည်ချက်နှင့် ပူးပေါင်းစုစည်းမှုရှိသော လုပ်ငန်းအစီအစဉ်များက အရင်းအမြစ်များကို ပိုမိုထိရောက်စွာအသုံးချနိုင်ခြင်းနှင့် (၃) ဖွံ့ဖြိုးမှုလုပ်ငန်းများအစပြုနိုင်ရန် လူသားချင်း စာနာထောက်ထားမှုအကူအညီများက ဖြည့်တင်းပေးခြင်းတို့ ပါဝင်ပါသည်။

၂၀၁၁ခုနှစ် မတ်လ မှ ဩဂုတ်လအတွင်း အစည်းအဝေးများကို အဆင့်ဆင့်ကျင်းပခဲ့ရာ အစိုးရဌာနများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ ပါဝင်တက်ရောက်ခဲ့ကြပြီး တတိယမြောက်အကူအညီပေးရေးအစီအစဉ်အတွက် အခြေခံအချက်အလက်များနှင့်မျှော်မှန်းရလဒ်သတ်မှတ်ချက်များကို ဆွေးနွေးခဲ့ကြပါသည်။ အဓိကဆွေးနွေးသောအကြောင်းအရာများမှာ အစီအစဉ်၏ရည်မှန်းအကျိုးကျေးဇူးများ၊ မျှော်မှန်းရလဒ်များ၊ အညွှန်းကိန်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းနည်းဗျူဟာများဖြစ်ပါသည်။

ဆွေးနွေးပွဲများတွင် ယခင်လက်တွဲဆောင်ရွက်မှုများနှင့် ရရှိခဲ့သောသင်ခန်းစာများကို ပြန်လည်သုံးသပ်ပြီး မျိုးဆက်ပွားကျန်းမာရေး၊ လူဦးရေနှင့်ဖွံ့ဖြိုးမှု နှင့် ကျားမကဏ္ဍတန်းတူညီမျှမှု ရည်မှန်းချက်သုံးရပ်ပါဝင်သော တတိယမြောက်အကူအညီပေးရေးအစီအစဉ်အတွက် မျှော်မှန်းအကျိုးကျေးဇူးများနှင့် လုပ်ငန်းနည်းဗျူဟာများကို ချမှတ်ခဲ့ကြပါသည်။

တတိယမြောက်အကူအညီပေးရေးအစီအစဉ်သည် ကုလသမဂ္ဂအဖွဲ့အစည်းများအတွက် မဟာဗျူဟာလုပ်ငန်းသတ်မှတ်ချက် (၂၀၁၂–၂၀၁၅) ၏ ဦးစားပေးဗျူဟာသုံးရပ်ဖြစ်သည့် (၁) အရည်အသွေးမြင့်လူမှုရေးဝန်ဆောင်မှုများကို တန်းတူရည်တူ လက်လှမ်းမီတိုးတက်ရရှိစေရန်၊ (၂) ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရမှုများကို လျှော့ချပေးရန်နှင့် (၃) ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်၊ ဒီမိုကရေစီရေးဆိုင်ရာအဖွဲ့အစည်းများ၏ တိုးတက်မှုနှင့်လူ့အခွင့်အရေးတို့ကိုမြှင့်တင်ရန် လုပ်ငန်းများတွင် ပါဝင်အားဖြည့်ပေးမည်ဖြစ်ပါသည်။

### ဆယ်ကျော်သက်နှင့် လူငယ်များအတွက် သိမှတ်စရာအဖြာဖြာ

ဗဟိုကျန်းမာရေးပညာဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် မာရီစတုပ်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက သင်တန်းပေးလေ့ကျင့်ထားသည့်လူငယ်များမှတဆင့် ဆယ်ကျော်သက်နှင့်လူငယ်များသိမှတ်စရာမျိုးဆက်ပွားကျန်းမာရေးနှင့်အိတ်ချ်အိုင်ဗွီကာကွယ်ရေးဗဟုသုတများကို ကွင်းဆင်းပညာပေးခြင်း၊ ပြပွဲများပြုလုပ်ခြင်းနှင့် အခမ်းအနားများပြုလုပ်ခြင်းဖြင့် ဖြန့်ဖြူးပညာပေးလျက်ရှိပါသည်။

# လူဦးရေနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပြည်သူ့လွှတ်တော်ကော်မတီ ဖွဲ့စည်းခြင်း

Asian Forum of Parliamentarians on Population and Development ( AFPPD ) နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့သည် မြန်မာနိုင်ငံတွင်လူဦးရေနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြည်သူ့လွှတ်တော်ကော်မတီကို ဖွဲ့စည်းရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုဝင်ဘာ ၂၃ ရက် နှင့် ၂၄ ရက်နေ့များတွင် နေပြည်တော်၌တွေ့ဆုံခဲ့ပါသည်။

မြန်မာနိုင်ငံပြည်သူ့လွှတ်တော်အဖွဲ့ဝင်များသည် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများဆောင်ရွက်ရာတွင် အာရှဒေသတွင်းရှိ လုပ်ဖော်ကိုင်ဖက်များနှင့် တပြေးညီပူးပေါင်းဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံကိုအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာစေရန်ရည်ရွယ်၍ လာရောက်တွေ့ဆုံခြင်းဖြစ်ပါသည်။

AFPPD ၏ အမှုဆောင်ညွှန်ကြားရေးမှူးမစ္စတာရှစ်ခါရေးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက် အဗ္ဗဒယ်လ်အာဟတ်လိုက်ပါလျှက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်လည်းကောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်နှင့်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းနှင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့်လည်းကောင်း တွေ့ဆုံပြီး Asian Forum of Parliamentarians on Population and Development (AFPPD) ၏ လုပ်ဆောင်မှုအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပါသည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ၊ အမျိုးသမီးများအတွက် စွမ်းဆောင်ရည်မြှင့်မားရေးဆောင်ရွက်မှု၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

မစ္စတာခါရေးသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့် ကလေးများ ကာကွယ်စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးတို့နှင့်လည်းတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံစဉ် မစ္စတာခါရေးသည် (AFPPD) အဖွဲ့၏ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပါလီမန်အမတ်များ၏အခန်းကဏ္ဍ၊ အဖွဲ့၏ညွှန်ကြားချက်၊ လုပ်ငန်းဆောင်တာများနှင့် အဖွဲ့ဝင်ဖြစ်လာရန်အကြောင်းတို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။

မစ္စတာခါရေးက မိမိမြန်မာနိုင်ငံသို့လာရောက်မှုကြောင့် မြန်မာနိုင်ငံတော်သမ္မတမှ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုမူဝါဒများကို ချမှတ်ပေးမည့် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဖွဲ့စည်းရန်သဘောတူညီပြီးဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသည် (AFPPD) တွင် အဖွဲ့ဝင်ဖြစ်ရေးကို ရှေးရှုလျှက် ပြည်သူ့လွှတ်တော်လူဦးရေနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကော်မတီကိုဖွဲ့စည်းခဲ့ကြောင်းကိုလည်း သိရှိခဲ့ရပါကြောင်း ပြောကြားသွားပါသည်။

တိုကျိုမြို့တွင်အခြေစိုက်သော Asian Forum of Parliamentarians on Population and Development (AFPPD) သည် ကျန်းမာရေးနှင့်လူမှုရေးရာများ၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်သောပါလီမန်အမတ်များ၏ ဒေသဆိုင်ရာလွှတ်တော်ကော်မတီဖြစ်ပါသည်။ ၁၉၈၁ခုနှစ်တွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကစတင်၍ တည်ထောင်ပေးခဲ့သော ၎င်းအဖွဲ့သည် လူဦးရေဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်နွယ်သောလုပ်ငန်းရပ်များ၌ အာဆီယံပါလီမန်လွှတ်တော်အမတ်များက မိတ်ဖက်ပြုပြီး တိုးမြှင့်ကာပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွဲ့စည်းထားပါသည်။



*၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၃ ရက်နေ့တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အဦ၌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား AFPPD အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ အရာရှိများက လာရောက်တွေ့ဆုံစဉ်။*

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနည်းဗျူဟာများနှင့် ဆက်နွယ်သော မျိုးဆက်ပွားကျန်းမာရေး၊ မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးပွဲ

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနည်းဗျူဟာများနှင့်ဆက်နွယ်သော မျိုးဆက်ပွားကျန်းမာရေး၊ မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေးဆိုင်ရာတိုင်ပင်ဆွေးနွေးပွဲကို နိုဝင်ဘာလ ၇ ရက်နှင့် ၈ ရက်နေ့များတွင် နေပြည်တော်၌ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ၅ နှစ်တာ မဟာဗျူဟာစီမံကိန်းအားအကောင်အထည်ဖေါ် ဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်ရန်နှင့် အရှေ့တောင်အာရှဒေသနိုင်ငံများ၏ ထောင်စုနှစ်ရည်မှန်းချက်များပြည့်မီရေးအတွက် ဆောင်ရွက်မှုအတွေ့အကြုံများကို ဆွေးနွေးဖလှယ်ကြရန်ဖြစ်ပါသည်။



ဆွေးနွေးပွဲသို့ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရဌာနများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပညာရှင်များ၊ လူမှုရေးနှင့် အလှူရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ နိုင်ငံတကာအဆင့် ကျွမ်းကျင်သူများက သတင်းအချက်အလက်နှင့် သုတေသနတွေ့ရှိချက်များကို တင်ပြပြီး ဆွေးနွေးပွဲကို ပံ့ပိုးပေးကြပါသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဖေသက်ခင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှု၊ ကြိုးပမ်းဆောင်ရွက်မှုများနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုကို အားလုံးလက်လှမ်းမီရရှိနိုင်ရန်အတွက် ကျေးလက်ဒေသ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးလုပ်ငန်းနည်းဗျူဟာများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာ မိုဟာမက်အဗ္ဗဒယ်လ်အာဟတ်က ၂၀၁၅တွင် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် မျိုးဆက်ပွားကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ တန်းတူညီမျှမှုရရှိရေး၊ မိခင်ကလေးသေနှုန်းကျဆင်းရေးတို့အတွက် အထောက်အကူပေးနိုင်ပုံကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မိခင်ကလေးကျန်းမာရေးကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းများကိုအကောင်အထည်ဖေါ်ရန် မြန်မာနိုင်ငံအစိုးရ၏ဆုံးဖြတ်ချက်အတွက် ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားခဲ့ပြီး အလှူရှင်နိုင်ငံများမှ တိုးမြှင့်အကူအညီရရှိရေးကိုလည်း တင်ပြခဲ့ပါသည်။

ဆွေးနွေးပွဲပထမနေ့ တင်ပြဆွေးနွေးမှုများပြုလုပ်ရာတွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းသိန်းဌေး၏ 'အရှေ့တောင်အာရှဒေသ၏မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေး အခြေအနေ' နှင့် ဒုတိယညွှန်ကြားရေးမှူး (မိခင်ကလေး) ဒေါက်တာ သီဂီမြင့်၏ 'မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ၅ နှစ်တာ မဟာဗျူဟာ စီမံကိန်းဆောင်ရွက်မှု၊ စိန်ခေါ်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ထောက်ကူပေးနိုင်မှု'တို့ ပါဝင်ပါသည်။

ဒုတိယနေ့ဆွေးနွေးတင်ပြမှုများတွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ အရှေ့တောင်အာရှဒေသရုံးမှ အကြံပေးပုဂ္ဂိုလ်ဒေါက်တာ ကျော်မြင့်အောင်၏ 'မွေးကင်းစကလေးစောင့်ရှောက်မှုကိုဦးတည်သော စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှု ဒုတိယညွှန်ကြားရေးမှူး (အမျိုးသမီးနှင့် ကလေးဖွံ့ဖြိုးကျန်းမာရေးစီမံချက်) ဒေါက်တာမြင့်မြင့်သန်း၏ 'ကလေးကျန်းမာဖွံ့ဖြိုးမှုမဟာဗျူဟာ ၅ နှစ်စီမံကိန်း'နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်ရုံးမှ ဒေါက်တာမက်သရူးစ်မာသိုင်း၏ 'မွေးဖွားပြီးသွေးသွန်ခြင်းနှင့် ကိုယ်ဝန်ဆိပ်တက်ခြင်းအပါအဝင် ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားစဉ်ဖြစ်ပွားနိုင်သော ရောဂါအန္တရာယ်များအားကုသမှုပေးခြင်း' တို့ပါဝင်ပါသည်။ ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အာရှနှင့်ပစိဖိတ်ဒေသရုံးမှ ဒေါက်တာဆာရာမာမာသိုင်းက မိခင်ကျန်းမာရေး စောင့်ရှောက်မှုရရှိနိုင်ရန်အတွက် ငွေကြေးမပြည့်စုံမှုအဟန့်အတားအား လျှော့ချရေး၊ ဒေသတွင်း လုပ်ငန်းအတွေ့အကြုံများကို ဆွေးနွေးတင်ပြပါသည်။

ဆက်လက်၍ပါဝင်တက်ရောက်သူများက အဖွဲ့လိုက်ဆွေးနွေးရာတွင် (၁) ကျေးလက်ဒေသတွင်ကျွမ်းကျင်သူနှင့် လက်လှမ်းမီမွေးဖွားနိုင်ရေးအတွက် လူသားအရင်းအမြစ် (၂) မိခင်နှင့်ကလေးသေဆုံးမှုများကို ဆန်းစစ်လေ့လာခြင်း (၃) ကျေးလက်ဒေသအတွက်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ လက်တွဲဆောင်ရွက်မှု (၄) ကျေးလက်ဒေသတွင် ပြည်သူလူထုအခြေပြုမွေးကင်းစကလေးစောင့်ရှောက်မှုနှင့် (၅) သားဖွားမှုဆိုင်ရာအခက်အခဲများကို ပြုစုကုသမှုပေးခြင်းတို့ပါဝင်ပါသည်။

# ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေအစီရင်ခံစာထုတ်ပြန်သည့်အခမ်းအနား

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့ပူးပေါင်းကာ "လူဦးရေသန်းပေါင်း ၇၀၀၀ ရှိကမ္ဘာမြေမှ လူအများနှင့်အလားအလာများ" ခေါင်းစဉ်ပါ ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေအခြေအနေအစီရင်ခံစာထုတ်ပြန်သည့်အခမ်းအနားကို ကမ္ဘာ့လူဦးရေသန်းခုနှစ်ထောင်ပြည့်သောနေ့ဖြစ်သည့် အောက်တိုဘာလ ၃၁ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။

၎င်းအစီရင်ခံစာတွင် နိုင်ငံပေါင်း ကိုးနိုင်ငံမှ လူပုဂ္ဂိုလ်များ၊ လူဦးရေဆိုင်ရာကျွမ်းကျင်သူများနှင့်၊ ဥပဒေပြုအုပ်ချုပ်သူများ၏ မိသားစု၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် နိုင်ငံအကျိုးဖြစ်ထွန်းရေးကိုရှေးရှုကာ ၎င်းတို့၏ဘဝ၊ အလုပ်အကိုင်၊ ရင်ဆိုင်ရသောအခက်အခဲများနှင့် ကျော်လွှားနိုင်မှုများကို တင်ပြထားပါသည်။

မွေးဖွားမှုနှုန်းနှင့်သေဆုံးမှုနှုန်းများကျဆင်းခြင်းကြောင့် မြန်မာနိုင်ငံ၏လူဦးရေပြောင်းလဲမှုသည် ၁၉ ရာစုမှစတင်၍ တိုးတက်လာခဲ့ပုံကို ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ကြိုင်က တင်ပြသွားပါသည်။ ကျန်းမာရေးတိုးတက်စေရန် လူတစ်ဦးချင်း၏ရွေးချယ်မှုနှင့် အများစုကပူးပေါင်းလုပ်ဆောင်မှုတို့ကြောင့် လူ့သက်တမ်းပိုမိုရှည်လာပြီး တစ်ဦးချင်း၏မျှော်မှန်းချက်များတိုးတက်လာမှုတို့၏ ရလဒ်အဖြစ် လူဦးရေသန်းခုနှစ်ထောင်သို့ ရောက်ရှိလာရခြင်းဖြစ်ပါသည်။

နောင်လာမည့် မျိုးဆက်များဖွံ့ဖြိုးတိုးတက်ရန်နှင့် စီးပွားရေးတိုးတက်မှု၏ အကျိုးကျေးဇူးခံစားနိုင်ရန်မျှော်မှန်း၍ ကျန်းမာရေး၊ ပညာရေးနှင့် လူငယ်များအတွက် အလုပ်အကိုင်ရရှိရေးတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးရန် ယင်းအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများအား စောင့်ရှောက်ခြင်းသည် အန္တရာယ်ကင်းသောမိခင်ဘဝရရှိစေကြောင်း၊ ကလေးငယ်များသေဆုံးမှုကိုကာကွယ်တားဆီးရေး၊ မိခင်နှင့်ကလေးငယ်များအား အာဟာရများဖြင့်ဖြည့်တင်းပေးရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရေးတို့ပြုလုပ်ဆောင်ရွက်ရန် လိုအပ်ကြောင်းကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက်အဗ္ဗဒယ်လ် အာဟတ်က ဖော်ပြခဲ့သည်။




မြန်မာနိုင်ငံ၏အတွေ့အကြုံများကို ထင်ဟပ်စေမည့်ဆွေးနွေးမှုများတွင် လူဦးရေပြောင်းလဲခြင်းများ၊ မိခင်သေဆုံးမှုကို ပြန်လည်ဆန်းစစ်ခြင်းများ၊ လူဦးရေဖွံ့ဖြိုးတိုးတက်မှုများ၊ ကမ္ဘာ့လူဦးရေအစီရင်ခံစာ၏ ဆောင်ပုဒ်နှင့်လျော်ညီသော မြန်မာ့အခြေအနေ စသည့်ခေါင်းစဉ်များ ပါဝင်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်မှုများကိုစံထား၍ ရေရှည်တည်တံ့မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးနှင့် အမျိုးသားဦးတည်ချက်များကို ပြန်လည်ချမှတ်ဆောင်ရွက်ရေးတို့ လိုအပ်ကြောင်းဆွေးနွေးကြပါသည်။

ဆွေးနွေးမှုရလဒ်အနေဖြင့် အောက်ပါတို့ကို အကြံပြုခဲ့ပါသည်။

(က) အသက် ၁၅-၅၉ အရွယ်ရှိအလုပ်လုပ်နိုင်သော နိုင်ငံသားများအလုပ်အကိုင်ရရှိရေးနှင့် လူမှုရေးဆောင်ရွက်ချက်များတွင် ပိုမိုရင်းနှီးမြှုပ်နှံရန်

(ခ) သက်ရွယ်ကြီးသူများ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်သော မူဝါဒချမှတ်ရန်

(ဂ) မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နှင့်ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်ရန်

(ဃ) လူငယ်များနှင့်ဆီလျော်သော မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီစွာရရှိနိုင်အောင်ဆောင်ရွက်ရန်




နေပြည်တော်တွင်ကျင်းပခဲ့သော၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေအစီရင်ခံစာထုတ်ပြန်သည့်အခမ်းအနားတွင် ဝိုင်းဖွဲ့ဆွေးနွေးနေကြစဉ်။

# နှစ်(၁၀၀)ပြည့်နိုင်ငံတကာအမျိုးသမီးများနေ့

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ နိုင်ငံတကာအမျိုးသမီးများနေ့ နှစ်တစ်ရာပြည့်အထိမ်းအမှတ်ကို 'ပညာရေး၊ ကျွမ်းကျင်မှုသင်တန်းများနှင့် သိပ္ပံနည်းပညာများကို ကျားမ တန်းတူညီမျှစွာလက်လှမ်းမီရရှိရေးသည် အမျိုးသမီးများအတွက် လုံလောက်သောဝင်ငွေရရှိပြီး လုံခြုံစိတ်ချမှုရှိသည့် အလုပ်အကိုင်ရရှိရေးသို့ ပို့ဆောင်ပေးသည်' ဟူသောဆောင်ပုဒ်ဖြင့် မတ်လ (၈) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့တက်ရောက်သူများသည် မြန်မာနိုင်ငံ၏ကျားမ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ဘဝမြှင့်တင်ရေးဆိုင်ရာ စီမံကိန်းများအတွက် နိုင်ငံတော်အစိုးရ၏အစီအစဉ်များ၊ ရပ်ရွာလူထုအသင်းအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများ၏ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ပူးပေါင်းဆောင်ရွက်မှုများကို အားဖြည့်ဆောင်ရွက်ရန် ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြသည်။

ယခင်ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စတာဘီရှိုးပါရာဂျူလီကလည်း နှစ်တစ်ရာပြည့်နိုင်ငံတကာအမျိုးသမီးများနေ့ကို ကျင်းပနိုင်ခြင်းသည် အစိုးရအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးက မဆုတ်မနစ်သောဖွဲ့ဖြင့်ပညာပေးခြင်း၊ လက်တွေ့ကျကျဆောင်ရွက်ကြခြင်း၊ ပိုမိုကောင်းမွန်သောမူဝါဒချမှတ်ခြင်းတို့မှ ရရှိလာသော ထူးခြားသည့်တိုးတက်မှုများကို ဖော်ဆောင်ခြင်းပင်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

ပညာရေးဗဟုသုတနှင့် သင်တန်းတက်ရောက်ခွင့်ရရှိခြင်းတို့သည် အမျိုးသမီးများအတွက်လုံလောက်သောဝင်ငွေရရှိပြီး လုံခြုံစိတ်ချမှုရှိသည့် အလုပ်အကိုင်ရရှိရေး၊ ၎င်းတို့၏ဘဝအဆင့်အတန်းမြှင့်တင်ရေးတို့နှင့် နီးနွယ်လျက်ရှိရာ ကျားမတန်းတူညီမျှသောအဆင့်မြင့်ပညာရေးစနစ်နှင့် သင်တန်းပို့ချမှုများ၊ ပညာရေးမှသည် အပြည့်အဝအလုပ်အကိုင်ရရှိရေးသို့ကူးပြောင်းခြင်းများ၊ အမျိုးသမီးများအတွက်လုံခြုံစိတ်ချ၍ လုံလောက်သောဝင်ငွေရရှိနိုင်သော အလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးမှုများ၊ ဥပဒေပြုရေးနှင့်တရားစီရင်ရေးကိစ္စရပ်များ၌ ဆုံးဖြတ်ချက်ချနိုင်သောကဏ္ဍများတွင် အမျိုးသမီးများပါဝင်လုပ်ဆောင်ခွင့်ပေးခြင်းများ၊ ကျားမတန်းတူညီမျှရေး သင်တန်းများပို့ချခြင်းများစသည်တို့သည် အခြေခံကျသော လိုအပ်ချက်များဖြစ်ကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက်အဗ္ဗဒယ်လ်အာဟတ်က ပြောကြားခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ပညာရေးကို ကျားမတန်းတူလက်လှမ်းမီရရှိခြင်း၊ ကျွမ်းကျင်မှုသင်တန်းများတက်ခွင့်ရရှိခြင်း၊ လူကုန်ကူးခြင်းနှင့် ညှင်းပန်းနှိပ်စက်ခံရခြင်းတို့မှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာအကြောင်းရပ်များကို ရှင်းလင်းပြောကြားပြီး ၎င်းလုပ်ဆောင်ချက်များသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးပြုနိုင်ကြောင်း ထပ်လောင်းပြောကြားသွားပါသည်။

၂၀၀၈ခုနှစ်တွင် နာဂစ်မုန်တိုင်းသင့်ခဲ့သောလပွတ္တာမြို့နယ်မှ အမျိုးသမီးတစ်ဦးကလည်း 'အမျိုးသမီးများဆုံဆည်းရာ'မှပို့ချခဲ့သော ဗဟုသုတကြောင့် စွမ်းဆောင်ရည်များတိုးတက်ခဲ့ရခြင်း၊ အသေးစားချေးငွေကြောင့် မိမိတို့ဘဝကိုပြန်လည်ထူထောင်နိုင်ပြီး ကလေးများကိုလည်း ကျောင်းထားနိုင်ခြင်း စသည့်အတွေ့အကြုံများကို ပါဝင်ဆွေးနွေးတင်ပြသွားပါသည်။

ဆွေးနွေးပွဲ၏အဓိကအချက်များမှာ ပညာရေး၊ နည်းပညာနှင့် တတ်ကျွမ်းမှုသင်တန်းများကို ကျားမတန်းတူလက်လှမ်းမီရရှိခြင်း၊ အမျိုးသမီးများ၏ကျန်းမာရေးနှင့်မိသားစုလူနေမှုဘဝကို မြှင့်တင်နိုင်ခြင်း၊ ဝင်ငွေရရှိသောလုပ်ငန်းများတွင်ပါဝင်နိုင်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့် ဘေးအန္တရာယ်ကျရောက်နိုင်သောအခြေအနေမှ မိမိကိုယ်ကိုကာကွယ်နိုင်ခြင်း စသည်တို့ဖြစ်ကြပါသည်။

ဆွေးနွေးပွဲမှ **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်** (၂၀၁၂-၂၀၂၂) တွင် နိုင်ငံတော်မှ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကဏ္ဍတိုင်း၌ ကျားမတန်းတူညီမျှရေးဆိုင်ရာ ညွှန်းကိန်းများကိုဖော်ထုတ်ခြင်း၊ ကျားမတန်းတူညီမျှရေးအတွက် ပူးပေါင်းဆောင်ရွက်သူများအကြား အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း၊ အစိုးရ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများအကြား ယုံကြည်မှုတည်ဆောက်ခြင်းနှင့် သတင်းအချက်အလက်မျှဝေပေးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ပေးနိုင်ကြောင်း အကြံပြုခဲ့ပါသည်။

နိဂုံးချုပ်အနေနှင့် မစ္စတာမိုဟာမက်အဗ္ဗဒယ်လ်အာဟတ်က **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို** ဆောင်ရွက်ရာတွင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကူညီပံ့ပိုးကြပါရန်လိုအပ်ကြောင်း တိုက်တွန်းခဲ့ပါသည်။




*ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့တွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏အထောက်အပံ့ဖြင့် FXB မှဆောင်ရွက်နေသော "အမျိုးသမီးများဆုံဆည်းရာ" အထည်ချုပ်သင်တန်းမှ အမျိုးသမီးများကို တွေ့ရစဉ်။*

# လူငယ်များမျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အလမ်းဆိုင်ရာဗဟုသုတတိုးပွါးစေရေး




မြန်မာနိုင်ငံဆရာဝန်အသင်းလူငယ်ဖွံ့ဖြိုးမှုအစီအစဉ်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ပံ့ပိုးကူညီမှုအရ 'လူဦးရေသန်းပေါင်း၇၀၀၀ ရှိကမ္ဘာမြေ' ဆောင်ပုဒ်ဖြင့် 'Mr. and Ms. SMART' ပြိုင်ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုပွဲကို လူငယ်များမျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အလမ်းများအကြောင်း ဗဟုသုတတိုးပွားစေရန်၊ လူဦးရေသန်းပေါင်း ၇၀၀၀ ပြည့်လူ့ပ်ရှားမှုလုပ်ငန်းများအကြောင်း သိရှိစေရန်နှင့် ကျန်းမာရေးဗဟုသုတနှင့် အထွေထွေဗဟုသုတများ တိုးတက်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့်ကျင်းပခဲ့ပါသည်။

ပြိုင်ပွဲဝင်များအနေနှင့် သန်းပေါင်း ၇၀၀၀ ပြည့်လှုပ်ရှားမှုလုပ်ငန်းများအကြောင်းနှင့်ပတ်သက်သော မှီငြမ်းစာရွက်စာတမ်းများကို လေ့လာခွင့်ရရှိကြပြီး ၎င်းတို့၏ဗဟုသုတ၊ အသိပညာ၊ စွမ်းရည်နှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းများအပေါ် အကဲဖြတ်အမှတ်ပေးခဲ့ကြပါသည်။ ထိုပွဲတွင် လူဦးရေသန်း ၇၀၀၀ ပြည့်အထိမ်းအမှတ်သီချင်းကို လူငယ်များက သံပြိုင်သီဆိုဖွင့်လှစ်ခဲ့ကြပါသည်။

## ဩစတြေးလျအစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကုလသမဂ္ဂအဖွဲ့အစည်းသုံးခု၏ မိခင်၊ မွေးကင်းစ နှင့် ကလေးကျန်းမာရေး ပူးတွဲစီမံကိန်း

ကုလသမဂ္ဂအဖွဲ့ကြီးက မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေး၊ နာမကျန်းမှုနှင့်သေဆုံးမှုလျှော့ချရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ပူးပေါင်းပြီး စီမံကိန်းအဆိုပြုလွှာတစ်ရပ်ကို ဩစတြေးလျအစိုးရထံတင်ပြထားပြီးဖြစ်ပါသည်။ စီမံကိန်းမှာ လက်ရှိဆောင်ရွက်လျက်ရှိသော ကုန်ကျစရိတ်သက်သာပြီး အကျိုးသက်ရောက်မှုများသည့် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန်ဖြစ်ပါသည်။ စီမံကိန်း၏ရည်ရွယ်ချက်မှာ မိခင်၊ မွေးကင်းစနှင့် ကလေးသေဆုံးမှုတို့ကို လျှော့ချပေးခြင်းဖြင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ၅နှစ်တာ မဟာဗျူဟာစီမံကိန်းနှင့် ကလေးကျန်းမာဖွံ့ဖြိုးမှု မဟာဗျူဟာ ၅နှစ် စီမံကိန်းတို့၏ ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီနိုင်ရေးအတွက် ပါဝင်ကူညီပေးရန် ဖြစ်ပါသည်။ ဆောင်ရွက်မည့်နည်းဗျူဟာသုံးခုမှာ ကျန်းမာရေးအတွက်အခြေအနေကောင်းများ ဖန်တီးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးစနစ်ကို အားဖြည့်ပေးခြင်းတို့ဖြစ်ပါသည်။ စီမံကိန်းမှ အောက်ပါရလဒ်များကို မျှော်မှန်းထားပါသည်။

(၁) အထောက်အထားများကိုအခြေခံသည့် မိခင်နှင့်ကလေးကျန်းမာရေး တိုးတက်မှုဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များ ရေးဆွဲထားရှိပြီး သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်

(၂) စီမံချက်မြို့နယ်များတွင် သင့်လျော်သောကလေးကျန်းမာရေး ကာကွယ်စောင့်ရှောက်ကုသမှုများ တိုးမြှင့်ရရှိစေရန်

(၃) စီမံချက်မြို့နယ်များတွင် ကျွမ်းကျင်သူဖြင့် မွေးဖွားနှုန်းနှင့် မွေးကင်းစကလေးစောင့်ရှောက်မှုများ တိုးတက်ရရှိစေရန်

(၄) စီမံချက်မြို့နယ်များတွင် သားဆက်ခြားဝန်ဆောင်မှုများ ပိုမိုလက်လှမ်းမီရရှိစေရန်

စီမံကိန်းအတွက် မြို့နယ်ပေါင်း ၁၃၂ မြို့နယ်ကို ရွေးချယ်ထားပြီး ၇၀ မြို့နယ်မှာ ဝေးလံခက်ခဲသောဒေသများ ဖြစ်ပါသည်။ လူဦးရေ ၂၁.၃ သန်းခန့်ကို လွှမ်းခြုံနိုင်မည်ဖြစ်ပြီး၊ ၈သန်းခန့်မှာ ဝေးလံခက်ခဲသောမြို့နယ်များတွင် နေထိုင်သူများဖြစ်ပါမည်။ စီမံကိန်းမှဆေးဝါး ပစ္စည်းကိရိယာများကို ထောက်ပံ့ပေးပြီး မိခင်နှင့်ကလေးများ၏ အဓိကကျန်းမာရေးပြဿနာများအတွက် ကာကွယ်စောင့်ရှောက်ကုသမှုများကို ဆောင်ရွက်မှုပုံစံနှစ်မျိုးအဖြစ် (၁) ဝေးလံခက်ခဲသောမြို့နယ်များမှ ကျေးရွာ ၃၀၀၀ခန့်အတွက် ရွေ့လျားအဖွဲ့များဖြင့် စောင့်ရှောက်မှုပေးခြင်းနှင့် (၂) ဆေးရုံဆေးခန်းများမှ စောင့်ရှောက်မှုပေးခြင်းတို့ ပါဝင်ပါမည်။

# သက်ကြီးရွယ်အိုများအရေးကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က အလေးထား

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အောက်တိုဘာလ ၁၀ရက်နေ့တွင် နေပြည်တော်၌ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်အခမ်းအနားတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

လွန်ခဲ့သော နှစ် ၂၀ ကပင် ကုလသမဂ္ဂသည် သက်ကြီးရွယ်အိုများ၏အခွင့်အရေးများကို အလေးအနက်ဖော်ပြရန်နှင့် ကြိုးပမ်းဆောင်ရွက်ရမည့် လျာထားချက်များ သတ်မှတ်ရန်အတွက် လွတ်လပ်စွာနေထိုင်သွားလာနိုင်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း၊ ပြုစုစောင့်ရှောက်မှုရရှိခြင်း စသည့်လိုအပ်ချက်များကို ကိုယ်တိုင်ဖြည့်ဆည်းနိုင်ခြင်းနှင့် ဂုဏ်သိက္ခာရှိခြင်းအပါအဝင် သက်ကြီးရွယ်အိုများအတွက် မူများကို ချမှတ်ထားခဲ့ပါသည်။

ယခုအခါ ပြည်သူလူထုအတွင်း ယခင်ကထက် လူ့သက်တမ်းပိုမိုကြာရှည်ပြီး ကျန်းမာရေးလည်း တိုးတက်ကောင်းမွန်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်လျက် လူဦးရေသန်းခုနှစ်ထောင်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ သာတူညီမျှမှုရှိစေလျက် လူ့အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ပြီး သက်ကြီးရွယ်အိုများအပါအဝင် တိုးတက်များပြားလာသောလူဦးရေ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဥပဒေများပြဋ္ဌာန်းခြင်း၊ မူဝါဒများရေးဆွဲခြင်း၊ လုပ်ငန်းအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ လိုအပ်ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်သုံးစုအတွင်းတွင် သက်ကြီးရွယ်အိုများ၏ အရေအတွက်နှင့် အချိုးအစားသည် နှစ်ဆတိုးမြင့်လာခဲ့ပါသည်။ ၂၀၅၀ ခုနှစ်သို့ရောက်သောအခါ သက်ကြီးရွယ်အိုဦးရေသည် သန်းနှစ်ထောင်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅ပုံ ၁ပုံကျော် ဖြစ်လာပါမည်။ အသက်၆၅နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို ပံ့ပိုးမည့်အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်ရှိသူအရေအတွက်မှာ ကမ္ဘာတစ်ဝန်းတွင် ထက်ဝက်ကျဆင်းပါမည်။ သို့ဖြစ်၍ ပံ့ပိုးမှုစနစ်များနှင့် အငြိမ်းစားယူသူများအတွက်ငွေကြေးအစီအစဉ်များအပေါ် ဝန်ပိလာမည်ဖြစ်ပါသည်။ ဤသို့ ကမ္ဘာ့လူဦးရေအချိုးအစား သိသိသာသာပြောင်းလဲလာခြင်းကြောင့် စီးပွားရေးတိုးတက်မှု၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးဆိုင်ရာတို့မှာ မကြုံစဖူး စိန်ခေါ်မှုများဖြင့်ရင်ဆိုင်ရပါမည်။

ကျန်းမာသောသက်ကြီးရွယ်အိုများအနေဖြင့် ဆက်လက်အလုပ်လုပ်ကိုင်ရန် အခွင့်အလမ်းရရှိဖို့ လိုအပ်ပါသည်။ သို့မှသာ မိသားစုများ၊ ရပ်ရွာများနှင့် နိုင်ငံများကို ဆက်လက်အကျိုးပြုနိုင်ပါမည်။ ထို့အတွက် အကောက်ခွန်ဥပဒေကို ပြင်ဆင်ခြင်း၊ ပင်စင်စနစ်ကို ပြုပြင်ပြောင်းလဲခြင်း၊ သင်တန်းတက်ရန်ဆွဲဆောင်မှုများပြုလုပ်ခြင်း၊ အသေးစားချေးငွေအစီအစဉ်များ ပြုလုပ်ခြင်း၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးခြင်းနှင့် အလုပ်ချိန်ပြောင်းလွယ်ပြင်လွယ်ရှိစေခြင်း စသည်တို့ကို ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

'အရေအတွက်အများပြားဆုံး လူငယ်မျိုးဆက်များကို ပံ့ပိုးမှုပေးသည့်တစ်ချိန်တည်းမှာပင် သက်ကြီးရွယ်အိုများအတွက်လည်း ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် လူမှုဘဝလုံခြုံရေးကွန်ရက်များ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြိုတင်စီစဉ်ရန်လိုအပ်သည်' ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအိုဆိုတီမေဟင်က ပြောကြားခဲ့ပါသည်။

အသက်အရွယ်ကြီးရင့်လာခြင်း၏ အဓိပ္ပာယ်သက်ရောက်မှုများကို ပိုမို၍နားလည်သဘောပေါက်ပြီး ဖြေရှင်းဆောင်ရွက်နိုင်ရန် ကျန်းမာရေး၊ ပါဝင်ဆောင်ရွက်ရေးနှင့် လုံခြုံရေးဟူသော မဏ္ဍိုင်သုံးရပ်ကိုထည့်သွင်းစဉ်းစားလျက် မူဝါဒများကို ရေးဆွဲရန်ဖြစ်ပါသည်။



## သက်ကြီးရွယ်အိုများဆိုင်ရာ အမျိုးသားမူဝါဒများကို ဆွေးနွေးခဲ့သည့် ဒေသခွဲ လုပ်ငန်းဆွေးနွေးပွဲ

ဒေသခွဲအတွင်းရှိနိုင်ငံများသည် သက်ကြီးရွယ်အိုများနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများဖလှယ်ရန်နှင့် အမျိုးသားစီမံချက် မူကြမ်းရေးဆွဲရေး အကြံပြုရန်အတွက် 'သက်ကြီးရွယ်အိုများဆိုင်ရာ အမျိုးသားမူဝါဒများကိုဆွေးနွေးသည့် ဒေသခွဲလုပ်ငန်းဆွေးနွေးပွဲ' ကို ၂၀၁၁ ခုနှစ် မေလ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ယင်းဆွေးနွေးပွဲတွင် အင်ဒိုနီးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက ၎င်းတို့နိုင်ငံများ၏ အတွေ့အကြုံများနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ အမျိုးသားမူဝါဒတို့ကို တင်ပြခဲ့ကြပါသည်။ HelpAge International East Asia Pacific Regional Development Centre (EAPRDC)(သက်ကြီးရွယ်အိုများကိုအကူအညီပေးရေး နိုင်ငံတကာအရှေ့အာရှပစိဖိတ်ဒေသအဆင့်ဖွံ့ဖြိုးရေးဗဟိုဌာန) က နည်းပညာအကူအညီပေးခဲ့ပြီး၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က ကူညီပံ့ပိုးပေးခဲ့ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က မြန်မာနိုင်ငံ၏သက်ကြီးရွယ်အိုများဆိုင်ရာ အမျိုးသားစီမံကိန်းမူကြမ်းရေးဆွဲရာတွင် အခြေပြုထားသောမူများကို ရှင်းလင်းပြောကြားပြီး HelpAge EAPRDC မှဒေသကိုယ်စားလှယ် မစ္စတာ Eduardo Klein က လူဦးရေအချိုးအစားဆိုင်ရာ အလားအလာများကို တင်ပြပါသည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါ်ပင်စီထွန်းသိန်းက 'ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် သက်ကြီးရွယ်အိုများအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ' ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခဲ့ပါသည်။

# အရေးပေါ်သားဖွား နှင့် မွေးစကလေးစောင့်ရှောက်ကုသမှုအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

အရေးပေါ်သားဖွားစောင့်ရှောက်မှုမှာ မိခင်သေနှုန်းလျှော့ချရေးအတွက် အရေးပါသောလိုအပ်ချက်ဖြစ်သည်နှင့်အညီ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏အကူအညီဖြင့် ကျန်းမာရေးဦးစီးဌာန မိခင်ကလေးကျန်းမာရေးဌာနစိတ်နှင့် ကုသရေးဌာနတို့ပူးပေါင်းပြီး သင်တန်းဆရာများအတွက် ပြည့်စုံသော အရေးပေါ်သားဖွားစောင့်ရှောက်ကုသမှုသင်တန်းကို နေပြည်တော် ကုတင် ၁၀၀၀ ဆေးရုံကြီးတွင် ဇူလိုင်လ ၁၃ ရက်မှ ၁၅ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

သင်တန်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုမှ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန် ၃၀ ဦးတို့ပါဝင်တက်ရောက်ခဲ့ကြပြီး မိခင်ကလေးကျန်းမာရေးဌာနစိတ်နှင့် ဆေးသိပ္ပံပညာဦးစီးဌာန ဆေးတက္ကသိုလ်များမှ သားဖွားနှင့်မီးယပ်ပါမောက္ခ၊ ဌာနမှူးများနှင့် မွေးစကလေးကုသမှုပါရဂူများ ပူးပေါင်းပြုစုသော သင်တန်းလက်စွဲကို အသုံးပြုသင်ကြားခဲ့ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဆင့်ပွားသင်တန်းများကို ဇူလိုင်လ မှ နိုဝင်ဘာလအထိ ကျင်းပခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် မြို့နယ်နှင့် တိုက်နယ်အဆင့်ဆရာဝန်များ တက်ရောက်ကြပါသည်။

ကျန်းမာရေးစောင့်ရှောက်သူတို့၏ ကျွမ်းကျင်မှုအရည်အသွေးကိုမြှင့်တင်ပေးခြင်းဖြင့် မိခင်သေနှုန်းကိုလျှော့ချနိုင်ရန် ၂၀၁၂ခုနှစ်တွင် ကျင်းပဆောင်ရွက်မည့် သားဖွားဆရာမများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် အခြေခံသားဖွားခြင်းဆိုင်ရာ အရေးပေါ်စောင့်ရှောက်ကုသမှုသင်တန်းများတွင်အသုံးပြုရန် လက်စွဲစာအုပ်နှင့် စံကုထုံးလမ်းညွှန်တို့ကိုလည်း ပြုစုထားပြီးဖြစ်ပါသည်။

# ဂျာမဏီနိုင်ငံ၏ပံ့ပိုးမှုဖြင့်ဆောင်ရွက်လျက်ရှိသော မိခင်သေနှုန်းကျဆင်းရေးနှင့် အိတ်ချ်အိုင်ဗွီကာကွယ်ရေးလုပ်ငန်းများ

ဂျာမနီနိုင်ငံ၏ပံ့ပိုးမှုဖြင့် မိခင်သေနှုန်းကျဆင်းရေးနှင့် အိတ်ချ်အိုင်ဗွီရောဂါ ကာကွယ်ရေးစီမံချက် ၃ ခုကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က ၂၀၀၉ မှ ၂၀၁၂ ခုနှစ် များအတွင်း ဆောင်ရွက်လျှက်ရှိပါသည်။ ၂၀၀၉ ခုနှစ်တွင်စတင်ခဲ့သော 'ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်မှု' စီမံချက်ဖြင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မျိုးဆက်ပွားကျန်းမာရေးစီမံကိန်းလုပ်ငန်းများကို မြို့နယ်အသစ် ၄၀သို့ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤစီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ ကျေးလက်လူထု၏ မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်ရန် အဓိကထား၍ ဆောင်ရွက်လျက်ရှိပါသည်။ ဤစီမံချက်လုပ်ငန်းများကြောင့် ကျန်းမာရေးဝန်ထမ်းများ၏ သားဆက်ခြားဝန်ဆောင်မှုနှင့် မိခင်ကလေးအရေးပေါ်ကုသမှုဆိုင်ရာစွမ်းရည်များ ပိုမိုတိုးတက်လာပါသည်။ ထို့အပြင် စီမံချက်မှထောက်ပံ့သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းများကြောင့် စီမံချက်မြို့နယ်ရှိပြည်သူများသည် အရည်အသွေးပြည့်ဝသောဝန်ဆောင်မှုတို့ကို လက်လှမ်းမီရရှိလာကြပါသည်။ ဤဝန်ဆောင်မှုများကို ပြည်သူလူထုကသိရှိအသုံးပြုလာနိုင်ရန်အတွက် ရပ်ရွာအကျိုးဆောင်နှင့် လူငယ်အကျိုးဆောင်များကို သင်တန်းပို့ချပေးခဲ့ပါသည်။ ထိုအကျိုးဆောင်များသည် မှန်ကန်သောမျိုးဆက်ပွားကျန်းမာရေး ဗဟုသုတရရှိစေရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များရရှိစေရန် လူထုအတွင်းဆက်သွယ်ပညာပေးလျက်ရှိပါသည်။ ထို့အပြင်အန္တရာယ်ကြုံတွေ့နိုင်သောမိခင်များအား ဆေးရုံသို့အချိန်မီညွှန်းပို့ခြင်းဖြင့် ပြည်သူလူထုနှင့် ကျန်းမာရေးဝန်ထမ်းများကို ပေါင်းကူးတံတားသဖွယ်ဆက်သွယ်ပေးလျက်ရှိပါသည်။

အထက်ဖော်ပြပါစီမံချက်အပြင် မြန်မာနိုင်ငံဆရာဝန်အသင်းက စီမံချက်အသစ်နှစ်ခုကို ၂၀၁၁ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ပထမစီမံချက်မှာ 'ဝန်ဆောင်မှုရရှိရန် ဝေးလံခက်ခဲသူများအတွက် ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်မှုစီမံချက်' ဖြစ်ပြီး မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုပေးခြင်း၊ ရပ်ရွာအကျိုးဆောင်များအား သင်တန်းပေးခြင်းကို ဒေသ(၃)ခုတွင် ဆောင်ရွက်လျက်ရှိပါသည်။ မျိုးဆက်ပွားကျန်းမာရေးဆေးခန်းများနှင့် ရွေ့လျားဆေးကုအဖွဲ့များက ကျန်းမာရေးဌာနမှဝန်ထမ်းများနှင့်ပူးပေါင်းကာ ဆင်းရဲနွမ်းပါးသူများနှင့်ပြောင်းရွှေ့လုပ်သားများအတွက် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ဒုတိယစီမံချက်မှာ 'တက္ကသိုလ်ကျောင်းသူကျောင်းသားများအတွက် ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးနှင့် အိတ်ချ်အိုင်ဗွီကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုရရှိရေး' ဖြစ်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း၏ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်မှ ဒေသ ၅ခု တွင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

တက္ကသိုလ်ကျောင်းသူကျောင်းသားများကြားတွင် မျိုးဆက်ပွားကျန်းမာရေးပြဿနာများရှိနေသော်လည်း ဤစီမံချက်မျိုး ယခင်ကမရှိခဲ့ဘူးပါ။ စီမံချက်မှ လေ့ကျင့်သင်တန်းပေးထားသော သက်ရွယ်ဆင့်တူပညာပေးသူများက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား မှန်ကန်သော ကျန်းမာရေးသတင်းအချက်အလက်များကို ဖြန့်ဝေပေးမည်ဖြစ်ပါသည်။ ထို့အပြင် လူငယ်တို့၏ တီထွင်ဖန်တီးနိုင်စွမ်းကို အသုံးပြုကာ၊ DVD, Telephone, Hot Line နှင့် နယ်လှည့်ဖျော်ဖြေပညာပေး အဖွဲ့များမှတဆင့် ထိရောက်စွာဆက်သွယ်ပညာပေးသွားမည် ဖြစ်ပါသည်။



ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများအား ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊ မွေးဖွားပြီးနှင့် မွေးကင်းစကလေး စောင့်ရှောက်ခြင်းဆိုင်ရာသင်တန်း ပို့ချနေစဉ်။

# ကျန်းမာရေးဝန်းထမ်းများ၏အောင်မြင်သောဝန်ဆောင်မှုများ – မိခင်နှင့်မွေးကင်းစကလေးများအသက်ကိုကယ်တင်ခြင်း



*ဂျာမနီနိုင်ငံ၏ပံ့ပိုးမှုဖြင့် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊ မွေးဖွားပြီးနှင့် မွေးကင်းစကလေး စောင့်ရှောက်ခြင်းဆိုင်ရာသင်တန်းကို အခြေခံကျန်းမာရေးဝန်ထမ်းများအား ပို့ချနေစဉ်။*

မမြင့်မြင့်ဝေ (၃၇နှစ်) သည် ပဲခူးတိုင်းဒေသကြီး စီမံချက်ဝင်ပန်းတောင်းမြို့နယ်၊ ဒေါင်းမြတ်နားကျေးလက်ကျန်းမာရေးဌာနအနီးရှိ ကျေးရွာတွင်နေထိုင်သူဖြစ်ပါသည်။ သူမ ကိုယ်ဝန် (၉) လတွင် ရေဆင်းသဖြင့် ခင်ပွန်းသည်က ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးဦးလေးဝင်းကို အကူအညီတောင်းခံခဲ့ပါသည်။ ကျန်းမာရေးမှူးက မမြင့်မြင့်ဝေ အား စမ်းသပ်စစ်ဆေးပြီး၊ ရပ်ရွာအထောက်အပံ့ဖြင့် ဆောက်လုပ်ပြီးစကျန်းမာရေးဌာနမွေး ခန်းတွင် မွေးဖွားရန်အကြံပြုခဲ့ပါသည်။ မွေးခုတင်နှင့်ကရိယာများကို စီမံချက်မှထောက်ပံ့ထား ပြီး မမြင့်မြင့်ဝေသည် ဒေါင်းမြတ်နားကျန်းမာရေးဌာနတွင် ပထမဆုံးမွေးဖွားသည့် လူနာ ဖြစ်ပါသည်။ ဦးလေးဝင်းနှင့် သားဖွားဆရာမတို့သည် စီမံချက်မှပေးသော ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်နှင့် မီးတွင်းစောင့်ရှောက်မှုသင်တန်းကိုတက်ရောက်ထားပြီး သင်ကြားပေးထားသော အသိပညာများကို လက်တွေ့အသုံးချရန် စိတ်အားထက်သန်နေကြပါသည်။ မမြင့်မြင့်ဝေ မီးဖွားစဉ်တွင် Partograph ခေါ် တိုးတက်မှုဇယားကိုအသုံးပြု၍ စောင့်ရှောက်ခဲ့ခြင်းကြောင့် မီးဖွားချိန်သာမန်ထက်ကြာမြင့်သည်ကိုသိရှိပြီး ပန်းတောင်းမြို့နယ်ဆေးရုံသို့ လူနာအားအချိန် မီတင်ပို့နိုင်ခဲ့ပါသည်။ ဆေးရုံတွင်ကလေးကို အန္တရာယ်ကင်းစွာ မွေးဖွားပေးနိုင်ခဲ့ပါသည်။ စီမံချက်မှပေးသော သင်တန်းများကြောင့် လူနာများ၏အသက်ကိုအချိန်မီ ကယ်တင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ကျန်းမာရေးဝန်ထမ်း၊ ဒေါင်းမြတ်နား
ကျေးလက်ကျန်းမာရေးဌာန၊ ပန်းတောင်းမြို့နယ်။

မလှလှဝင်း (၂၆နှစ်) သည် စီမံချက်ဝင်မြို့နယ်တစ်ခုဖြစ်သော ကျောက်ပန်းတောင်းမြို့မှ မိခင်လောင်းတစ်ယောက် ဖြစ်ပါသည်။ သားဦးကိုယ်ဝန်ဆောင်ထားသောမလှလှဝင်းသည် သွေးပေါင်တက်လျက်ရှိပြီး ဆီးတွင် အသားဓာတ်ပါရှိနေသည်ကို သားဖွားဆရာမ၏ စစ်ဆေးချက်များအရ သိရှိထားပါသည်။ ဤလက္ခဏာများသည် အသက်အန္တရာယ်ရှိသော ကိုယ်ဝန်ဆိပ်တက်ခြင်း၏ လက္ခဏာများဖြစ်သဖြင့် သားဖွားဆရာမက မလှလှဝင်းကို ဆေးရုံတွင်သာမွေးဖွားရန် အကြံပြုတိုက်တွန်းခဲ့ပါသည်။ မလှလှဝင်းသည် အိမ်တွင်သာမွေးဖွားလိုသော်လည်း သားဖွားဆရာမ၏ အကြံပြုချက်ကို လက်ခံခဲ့ပါသည်။ ဆေးရုံ၌မီးဖွားခါနီးတွင် မလှလှဝင်း၏ သွေးပေါင်မြင့်တက်သွားပြီး၊ တက်သွားခဲ့ပါသည်။ ကံကောင်းထောက်မစွာပင် စီမံချက်မှပေးထားသော သင်တန်းနှင့်ထောက်ပံ့ထားသောဆေးဝါးများကြောင့် ကျန်းမာရေးဝန်ထမ်းများက ရောဂါအခြေအနေကိုကောင်းစွာကုသနိုင်ပြီး သမီးမိန်းကလေးကို အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ခဲ့ပါသည်။

သားဖွားဆရာမ၊ ကျောက်ပန်းတောင်းမြို့နယ်ဆေးရုံ။



*ဂျာမနီနိုင်ငံ၏ပံ့ပိုးမှုဖြင့် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊ မွေးဖွားပြီးနှင့် မွေးကင်းစကလေးစောင့်ရှောက်ခြင်းဆိုင်ရာသင်တန်းကို ရှမ်းပြည်နယ် ပင်လောင်းမြို့ရှိ အခြေခံကျန်းမာရေး ဝန်ထမ်းများအားပို့ချနေစဉ်။*

## ဆယ်ကျော်သက်နှင့် လူငယ်များအတွက် သိမှတ်ဖွယ်ရာအဖြာဖြာ

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်မှ ဆယ်ကျော်သက်နှင့်လူငယ်များအတွက်ကျန်းမာရေးဗဟုသုတများ၊ ဖွံ့ဖြိုးမှုဆိုင်ရာဗဟုသုတများကို ရွှေ FM မှတဆင့်တနင်္လာနေ့နှင့် ကြာသပတေးနေ့ညနေတိုင်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး (၅)ခုအတွင်း ထုတ်လွှင့်ပေးလျက်ရှိပါသည်။

# ၂၀၁၁ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ မဟာမိတ်အဖွဲ့၏ဆုကို ဆွတ်ခူးရရှိသောသားဖွားဆရာမ

နိုင်ငံပေါင်း ၂၇ နိုင်ငံမှတင်ပြသော ထူးချွန်ကျန်းမာရေးဝန်ထမ်း ၅၈ ဦး အနက်မှ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခက်အခဲနှင့်အန္တရာယ်များကြားမှာပင် မဆုတ်မနစ်အားထုတ်ဆောင်ရွက်ခဲ့သော သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးအား အသိအမှတ်ပြု ရွေးချယ်ခဲ့သောကြောင့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ မဟာမိတ်အဖွဲ့၏ဆုကိုဆွတ်ခူး ရရှိခဲ့ပြီး ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက သူမအား ဂုဏ်ပြုချီးမြှင့်သည့်ပွဲကို ကျင်းပခဲ့ပါသည်။

၁၉၈၁ ခုနှစ်တွင် သားဖွားဆရာမသင်တန်းဆင်းပြီးသည့်နောက် ဒေါ်နန်းသန်းသန်းဦးအား သူမ၏ဇာတိဖြစ်သည့် ရှမ်းပြည်နယ်ရှိ ဝေးလံခက်ခဲသောကျေးရွာများတွင် တာဝန်ထမ်းဆောင်ရန် ခန့်ထားခဲ့ပါသည်။ သွားလာရန်ခက်ခဲသည့်ကျေးရွာများသို့ ရောက်ရှိနိုင်ရန် များသောအားဖြင့် ပေပေါင်းထောင်ချီမြင့်မားသော တောင်တန်းများကိုတက်ရပြီး တစ်ခါတစ်ရံ လုံခြုံငြိမ်းချမ်းမှုမရှိသောဒေသများသို့လည်း သွားရောက်ကာစောင့်ရှောက်မှုပေးရပါသည်။

အင်းလေးဒေသတွင် ကာလဝမ်း ကပ်ရောဂါဖြစ်ပွားခြင်း၊ ရန်အောင်မြေကျေးရွာတွင် ဝမ်းရောဂါဖြစ်ပွားခြင်း၊ ၂၀၁၀ ခုနှစ်တွင် သွေးလွန်တုတ်ကွေးရောဂါပြန့်နှံ့ဖြစ်ပွားခြင်းတို့တွင် ဒေါ်နန်းသန်းသန်းဦးသည် ချက်ချင်းပင် ကုသမှုနှင့် ကာကွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ပြီး ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကြိုးစားအားထုတ်ခဲ့သဖြင့် သေဆုံးမှုမရှိအောင် ကူညီနိုင်ခဲ့ပါသည်။

ဒေါ်နန်းသန်းသန်းဦးသည် သူမတာဝန်ကျရာဒေသများတွင် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုရာခိုင်နှုန်းနှင့် သန္ဓေတားဆေးဝါးပစ္စည်း သုံးစွဲမှုနှုန်းတို့ကိုလည်း မြင့်မားအောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တိုးချဲ့ကာကွယ်ဆေးထိုးခြင်းနှင့် ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်းတို့အတွက် ပွင့်လင်းရာသီ၌သာ သွားရောက်ကာကွယ်ဆေးထိုးရန် သတ်မှတ်ပေးထားသည့် ဝေးလံဒေသများသို့ပင် ရာသီမရွေး ပုံမှန်သွားရောက်ဆေးထိုးပေးခြင်းဖြင့် တတ်နိုင်သရွေ့ အကောင်းဆုံးဆောင်ရွက်ခဲ့ပါသည်။ ကိုယ်တိုင်မှာ ရှမ်းလူမျိုးတစ်ဦးဖြစ်သည့်အားလျော်စွာ ဘာသာစကား အခက်အခဲမရှိဘဲ ရွာသူရွာသားတို့၏ ရင်းနှီးယုံကြည်မှုကိုလည်း ရရှိခဲ့ပါသည်။




*၂၀၁၁ ခုနှစ် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးဝန်ထမ်းများ မဟာမိတ်အဖွဲ့၏ဆုကို ချီးမြှင့်ခံခဲ့ရသော ဒေါ်နန်းသန်းသန်းဦးအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ လက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုလက်မှတ်များဖြင့် ထပ်ဆင့်ဂုဏ်ပြုနေစဉ်။*



*မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သောကြောင့် ၂၀၁၁ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ မဟာမိတ်အဖွဲ့၏ဆုကို ဆွတ်ခူးရရှိခဲ့သော မြန်မာသားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦး။*

ရှမ်းပြည်နယ်အတွင်း ဒေသများစွာတွင် တောင်ပေါ်ကျေးရွာများသို့ လှည့်လည်သွားရောက်တာဝန်ထမ်းဆောင်ရင်း ဒေါ်နန်းသန်းသန်းဦးသည် အတွေ့အကြုံနှင့်ကျွမ်းကျင်မှုများစွာ ရရှိခဲ့ပါသည်။ အရန်သားဖွားဆရာမများ၊ ၄က်ဖျားတိုက်ဖျက်ရေးလုပ်သားများ၊ ပြည်သူလူထုအထောက်အကူပြုအဖွဲ့ဝင်များကို သင်ကြားလေ့ကျင့်ပေးပြီး အစုအဖွဲ့အနေဖြင့် စည်းရုံးကာ လူထုအတွင်း ရောဂါကာကွယ်ခြင်း၊ ကျန်းမာရေးအဆင့်မြှင့်တင်ပေးခြင်းနှင့် ကုသမှုလုပ်ငန်းများကို ပိုမိုထိရောက်အောင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ အပတ်စဉ် ကိုယ်ဝန်ဆောင်စောင့်ရှောက်သည့်နေ့နှင့် တနင်္ဂနွေဘုရားကျောင်းသင်တန်းရက်များတွင် ကိုယ်ဝန်ဆောင်မိခင်နှင့်တကွ ခင်ပွန်းသည်နှင့် မိသားစုဝင်များကိုပါ ပါဝင်စေ၍ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ မွေးစကလေးစောင့်ရှောက်ခြင်း၊ သားဆက်ခြားခြင်း၊ မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးမကူးစက်အောင် ကာကွယ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့်အာဟာရ စသည့်ခေါင်းစဉ်များဖြင့် ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးပါသည်။ တာဝန်ကျကျေးရွာတိုင်းတွင် မိခင်သေပျောက်မှုမရှိသောကျေးရွာများအဖြစ် ကြေညာချက် ဆိုင်းဘုတ်များ စိုက်ထူထားရှိစေပါသည်။

ဒေါ်နန်းသန်းသန်းဦး၏လူထုအတွက် ဆောင်ရွက်အောင်မြင်မှုများမှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ ၂၀၀၂ခုနှစ်ကလည်း သူမသည် မျိုးဆက်ပွားကျန်းမာရေးသတင်းအချက်အလက် စနစ်အတွက် ထူးချွန်ဝန်ထမ်းတစ်ဦးအဖြစ်အသိအမှတ်ပြု ရွေးချယ်ခံရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆုချီးမြှင့်ခြင်းကို ရရှိခဲ့ပါသည်။

သူမ၏စွမ်းဆောင်အောင်မြင်မှုများအတွက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် နေပြည်တော် ကုတင် ၁၀၀၀ ဆေးရုံကြီး၌ ကျင်းပသော ကမ္ဘာ့လူဦးရေ သန်းခုနှစ်ထောင်ပြည့်မြောက်သောနေ့အခမ်းအနားတွင် လက်ဆောင်ပစ္စည်းနှင့်ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကာ ထပ်ဆင့်ဂုဏ်ပြုခဲ့ကြပါသည်။

# အငယ်ထက်ကံကောင်းတဲ့ကျွန်မ

ဒေါက်တာမြတ်ပန်းမွှံ

မတင်တင်မိုး (၁၇ နှစ်) သည် ဧရာဝတီတိုင်း ဘိုကလေးမြို့မှစက်လှေဖြင့် ၄ နာရီ ခရီးသွားရသော အစည်ကြီးကျေးရွာတွင်နေထိုင်ပါသည်။ ၄င်းရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း အရန်သားဖွားဆရာမ မရှိသည်မှာကြာမြင့်ပြီဖြစ်ပါသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ထောက်ပံ့မှုဖြင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများကို ဝန်ဆောင်မှုပေးသော မာရီစတုပ်အဖွဲ့အစည်းMarie Stopes International(MSI) သည် အစည်ကြီးရွာရှိ တစ်ခုတည်းသောမျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်သည့် အဖွဲ့ဖြစ်ပါသည်။ ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူနှင့်မာရီစတုပ်ဝန်ထမ်းများသည် ဆန်းစစ်လေ့လာရန် အစည်ကြီးကျေးရွာသို့သွားရောက်ခဲ့ပါသည်။ ၄င်းခရီးစဉ်တွင် မတင်တင်မိုးနှင့်စကားပြောခွင့်ရကာသူမ၏ ရင်တွင်းဖြစ်ကျေးဇူးတင်စကားများကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

'ကျွန်မက မောင်နှစ်မ ၁၅ယောက်မှာ ၉ယောက်မြောက်ဖြစ်ပြီး ကျွန်မအမေနာမည်က ဒေါ်တင်စန်းဖြစ်ပါတယ်။ အမေ့အသက်က ၄၄ နှစ်ရှိပါပြီ။ မိဘတွေကပျံကျအလုပ်သမားတွေဖြစ်ပြီး၊ စားအိုးကလည်းကြီးတော့ ထမင်းငတ်ခဲ့ရတဲ့နေ့တွေအများကြီးပါပဲ။ အမေက မကြာခဏ ကိုယ်ဝန်ဆောင်ပြီး ကလေးမွေးနေရတော့အမြဲတမ်းလိုနေမကောင်းဖြစ်နေတယ်။ အဖေ့ဝင်ငွေတစ်ခုတည်းကိုပဲ အားထားခဲ့ရတဲ့ ကျွန်မတို့မိသားစုမှာ ဆင်းရဲလွန်းတော့ စားဝတ်နေရေးနှင့် ဆေးဝါးကုသဖို့အခက်အခဲတွေရှိခဲ့တယ်။ ဒါကြောင့်မို့ မွေးချင်းထဲကမောင်နှမ ၄ ယောက်လည်းငယ်ငယ်ကတည်းကဆုံးပါးခဲ့ရပါတယ်။ ကျွန်မကိုယ်တိုင်လည်း အငယ်တွေကိုကြည့်ဖို့ ၄တန်းနဲ့ ကျောင်းထွက်ခဲ့ရပါတယ်။ အမေတို့လက်ထက်တုန်းက သားဆက်ခြားတဲ့ဆေးဆိုတာ မကြားခဲ့ဖူးပါဘူး။ ကံစီမံရာ ဘုရားပေးသလိုပဲလို့ သဘောထားခဲ့တာပါ။

ကျွန်မ ၁၆ နှစ်မှာ အိမ်ထောင်ကျခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျေးရွာအရောက်ကုသတဲ့ MSI အဖွဲ့က ရွာကိုရောက်လာပြီး ကိုယ်ဝန်ဆောင်နှင့် မျိုးဆက်ပွားဝန်ဆောင်မှုတွေ အခမဲ့ဆောင်ရွက်ပေးလို့ ဘာမှလိုလေသေးမရှိခဲ့ဘူး။ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေး ဟောပြောမှုတွေကြောင့် ဘယ်လိုသားဆက်ခြားလို့ရတယ်၊ ဆေးဘယ်လိုသုံးရမယ်ဆိုတာ ကျွန်မသိပါပြီ။ ကိုယ်ဝန်စောင့်ရှောက်မှုလည်း အပြည့်အဝရရှိခဲ့ပြီး ကလေးကိုဆေးရုံမှာအန္တရာယ်ကင်းစွာ မွေးဖွားနိုင်ခဲ့ပါတယ်။ အခု သားလေးက ၄လရှိပါပြီ။ ကျွန်မအမေထက် ကံကောင်းတဲ့အချက်ကတော့ ဒုတိယကလေးကို ဘယ်အချိန်မှယူသင့်တယ်ဆိုတာ ကျွန်မတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်ပါပြီ။ သားဆက်ခြားဖို့ဆေးဝါးတွေလည်း အခမဲ့ရရှိပါတယ်။ ကျွန်မ ခင်ပွန်းက အသက် ၂၀ ရှိပြီး ကျပန်းအလုပ်လုပ်ပါတယ်။ ကလေးတွေအများကြီးကို မကျွေးနိုင်တာ အသေအချာပါပဲ။ MSIမှ ဆရာ၊ ဆရာမတွေက



*ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် MSI စီမံချက်၏ မျိုးဆက်ပွားကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိခံစားရသော အစည်ကြီးကျေးရွာမှမတင်တင်မိုး၏အပြုံးပန်း။*

ကျွန်မကိုသန္ဓေတားနည်း ကြိုက်ရာရွေးနိုင်ကြောင်း၊ ကြိုက်တဲ့အချိန်လည်း ကိုယ်ဝန်ပြန်ဆောင်နိုင်ကြောင်း ရှင်းပြပါတယ်။ အခုကျွန်မ ၃လခံ ထိုးဆေး Depot (ဒက်ပို) ထိုးပါတယ်။ ဘာဘေးထွက်ဆိုးကျိုးမှလည်း မခံစားရပါဘူး။ ကျွန်မအမေတုန်းကနဲ့မတူဘဲ အခုကျွန်မသားကို ကောင်းကောင်းဂရုစိုက်နိုင်ပါပြီ။ သားလေးကို ပညာတတ်ကြီးဖြစ်အောင်လုပ်မယ်လို့ ကျွန်မတို့ သန္နိဋ္ဌာန်ချထားပါတယ်။ သားလေးတစ်နှစ်ပြည့်ရင် ကျွန်မကျပန်းအလုပ်တွေလုပ်နိုင်ပြီဆိုတော့ နှစ်ယောက်ပေါင်းဝင်ငွေနဲ့ ကျွန်မတို့အိမ်မက်တွေ အကောင်အထည်ပေါ်လာမှာပါ။ ဒီအတွက်လည်း MSI နဲ့ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကို ကျွန်မကျေးဇူးအထူးတင်ပါတယ်။ ဆေးကုတဲ့အဖွဲ့တွေမလာတော့ရင်တောင် ၃လတစ်ခါ Depot (ဒက်ပို) ဆေးထိုးဖို့ ၁၅၀၀ကျပ်ကို ကြိုပြီး စုဆောင်းထားမယ်လို့ ကျွန်မဆုံးဖြတ်ထားပါတယ်'။



## အလှူရှင်များ

3 Diseases Fund
Australia
Finland
Germany
New Zealand
Norway

## အစိုးရဌာနများ

Ministry of Health
Ministry of Immigration and Population
Ministry of National Planning and Economic Development
Ministry of Social Welfare, Relief and Resettlement

## အစိုးရမဟုတ်သောအဖွဲ့အစည်းများ

Aide Médicale Internationale (AMI)
François Xavier Bagnoud (FXB)
Japanese Organization for International Cooperation in Family Planning (JOICFP)
Marie Stopes International (MSI)
Myanmar Anti-Narcotics Association (MANA)
Myanmar Maternal & Child Welfare Association (MMCWA)
Myanmar Medical Association (MMA)
Myanmar Red Cross Society (MRCS)
Population Services International (PSI)
Save the Children (SC)

UNFPA

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့
ကုလသမဂ္ဂအဆောက်အဦး၊ အမှတ်၆၊ နတ်မောက်လမ်း၊
စာတိုက်သေတ္တာအမှတ်-၆၅၀
ရန်ကုန်၊ မြန်မာ
ဖုန်း – ၉၅(၁) ၅၄၆၃၀၉
ဖက်စ် – ၉၅(၁) ၅၄၆၀၂၉